# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ **ကောဓဝဂ်(ဓမ္မပဒ -၂၂၃)**


၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်၊ ကြာသပတေးနေ့။ Thursday, 16 May 2024 ၁၁၄၅၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် H.E. Mr. Alounkeo KITTIKHOUN နှင့် အာဆီယံအတွင်းရေးမှူးချုပ် Dr. KAO KIM HOURN ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် H.E. Mr. Alounkeo KITTIKHOUN နှင့် အာဆီယံအတွင်းရေးမှူးချုပ် Dr. KAO KIM HOURN ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဦးကိုကိုလှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး လာအိုနိုင်ငံဝန်ကြီးချုပ်ရုံးဝန်ကြီး(ငြိမ်း)နှင့် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နှင့်အတူ အာဆီယံအတွင်းရေးမှူးချုပ် Dr. KAO KIM HOURN၊ AHA Centre အမှုဆောင်ဒါရိုက်တာ Mr. LEE YAM MING၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး H.E. Mr. Heuangseng KHAMDALAVONG နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် H.E. Mr. Alounkeo KITTIKHOUN အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ယနေ့ ဖတ်စရာ


ရေကြောင်းလူငယ်မှ သင်တန်းသားများ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်နှင့် နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာ လေကြောင်းလူငယ်မှ သင်တန်းသားများ လေယာဉ်/ရဟတ်ယာဉ် လိုက်ပါပျံသန်း၊ ပြိုင်ပွဲများ ကျင်းပ စာမျက်နှာ » ၇



ရန်ကုန်ရွက်လှေအသင်းနှင့်အတူ ပေါ်ထွန်းလာသည့် မြန်မာ့ရွက်လှေအားကစား၏ နှစ်တစ်ရာပြည့်ခရီး ဆောင်းပါး စာမျက်နှာ » ၁၀

ကျောက်ဆည်ခရိုင်၌ နွေနှမ်း ၈၉၆၃၅ ဧက စိုက်ပျိုးထားရှိ စာမျက်နှာ » ၁၇

ကြေးမုံ

# ဂုဏ်ယူလေးစားထိုက်သည့် နိုင်ငံ့သားကောင်းရတနာများ

ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် စတင်အာဏာအသက်ဝင်ခဲ့သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအများစုသည် မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်းပြီး ဥပဒေနှင့်အကျုံးဝင်သူများအားလုံး ကာကွယ်ရေးတာဝန်ကို သတ်မှတ်ချက်အတိုင်းထမ်းဆောင်ကြရသည်။ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် သတ်မှတ်ချက်နှင့် ကိုက်ညီသူများ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေကို ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် အာဏာတည် အသက်ဝင်မှုစတင်သည်နှင့် ပြည်သူ့စစ်မှုထမ်းဆောင်ရေး လုပ်ငန်းအဆင့်ဆင့်ကို သက်ဆိုင်ရာအဖွဲ့အစည်းများက စတင်ပြင်ဆင်ဆောင်ရွက်ခဲ့ကြသည်။ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ ဝေဖန်ပြောဆိုမှုများ၊ တီးတိုးလှုံ့ဆော်မှုများ၊ နှောင့်ယှက်တိုက်ခိုက်မှုများ၊ ကြောက်ရွံ့ထိတ်လန့်မှုများ၊ စိုးရိမ်ပူပန်မှုများ၊ လမ်းမှားများသို့ တွန်းပို့မှုများ စသည့်အနှောင့်အယှက်မျိုးစုံကြားမှ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် မိမိဆန္ဒသဘောအလျောက် စစ်မှုထမ်းရန် ဝင်ရောက်လာကြသည့် လူငယ်လူရွယ်များသည် လေးစားဂုဏ်ယူထိုက်သည့် သားကောင်းရတနာများဖြစ်သည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ သင်တန်းကျောင်းများ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ဆက်လက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂)တွင် ပါဝင်တက်ရောက်ကြမည့် သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ရောက်ရှိပြီး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြကာ မေလ ၁၄ ရက်နေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အလိုက် နယ်မြေခံသင်တန်းကျောင်းများတွင် သင်တန်းဖွင့်ပွဲများပြုလုပ်သည့် အားရဖွယ်မြင်ကွင်းများကို မြင်တွေ့ခဲ့ရသည်။

ပြည်သူများကြားတွင် ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ အမြင်အမျိုးမျိုး၊ သဘောထားအမျိုးမျိုး ရှိကြသည်။ အမှန်တကယ်တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် တာဝန်ရှိသည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်သည်။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာများကိုသင်ကြားပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးစေရန်၊ နိုင်ငံတော်၏ ပိုင်နက်နယ်နိမိတ်များ ယိုယွင်းပျက်ပြားစေရန်၊ မြို့ရွာများ တည်ငြိမ်အေးချမ်းမှု ပျက်ပြားပြီး တိုင်းရင်းသားပြည်သူများ စိုးရိမ်ပူပန်မှုမြင့်မားကာ ထိခိုက်ဆုံးရှုံးနစ်နာမှုများဖြစ်စေရန် ပြည်ပမှ သွေးထိုးလှုံ့ဆော်ပေးမှုများနှင့် ပြည်တွင်း၌ အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူများက နှောင့်ယှက်ဖျက်ဆီးမှုများ ပြုလုပ်နေကြသည်ကိုတွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်နှင့် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များကို အစဉ်အမြဲကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည့်၊ ရှေ့တန်းတွင် အသက်ကိုပဓာနမထားဘဲ အသက်ပေးကာကွယ်နေသည့် တပ်မတော်သားများအား ကူညီအားဖြည့်ပေးခြင်းဖြင့် နိုင်ငံ့တာဝန်ကျေပွန်သည့် နိုင်ငံ့သားကောင်းဖြစ်အောင် ထမ်းဆောင်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံရေးအခြေအနေများကို ဆင်ခြင်သုံးသပ်ကြည့်လျှင် နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ၏ ကာကွယ်ရေးအင်အား တောင့်တင်းခိုင်မာအောင် ပြုလုပ်ကြသည်။ နိုင်ငံအစွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ စီးပွားရေးအင်အားတောင့်တင်းခိုင်မာရေးတို့ကို ပြုလုပ်ကြပြီး မိမိနိုင်ငံကို မိမိတို့ကိုယ်တိုင် ကာကွယ်စောင့်ရှောက် ထိန်းသိမ်းမြှင့်တင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးစအားယူနေဆဲအချိန်တွင် ပြည်တွင်း၊ ပြည်ပ ပယောဂမျိုးစုံတို့ကြောင့် တိုင်းပြည်ယိုယွင်းပျက်စီးပြီး အင်အားချည့်နဲ့အောင် ပြုလုပ်နေကြသူများကို တွေ့ရမည်ဖြစ်သည်။ မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် နိုင်ငံ့ကာကွယ်ရေးတာဝန် ထမ်းဆောင်ခြင်းသည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ထက်သန်သည့် နိုင်ငံ့သားကောင်းဖြစ်သည်။

မိမိနိုင်ငံ၊ မိမိရပ်ရွာကို မိမိတို့ကိုယ်တိုင် ပါဝင်ကာကွယ်စောင့်ရှောက်မှ ပိုမိုလုံခြုံစိတ်ချမှုကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ ယခု ပြည်သူ့စစ်မှုထမ်းမျိုးဆက်သစ်များသည် နိုင်ငံတော်နှင့် ပြည်သူအတွက် ခံယူချက်မြင့်မားစွာဖြင့် ဝင်ရောက်လာကြခြင်းဖြစ်၍ ပြည်သူ့စစ်မှုထမ်းများ စိတ်ဓာတ်စွမ်းရည်နှင့် ခံယူချက်မြင့်မားလာအောင် ဝိုင်းဝန်းအားပေးမြှင့်တင် ဖြည့်ဆည်းကူညီပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တစ်ချိန်သောကာလက ဒေသတွင်းနိုင်ငံများကြားတွင် အင်အားတောင့်တင်းခိုင်မာသည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်ကို ဂုဏ်ယူပြီး မျက်မှောက်ကာလတွင်လည်း ဒေသတွင်းနိုင်ငံများကြားတွင် မျက်နှာမငယ်ဘဲ ဂုဏ်ယူဝင့်ကြွားစွာဖြင့် မားမားမတ်မတ်ရပ်တည်နိုင်သော နိုင်ငံဖြစ်စေရန်အတွက် နိုင်ငံတော်၏ ကာကွယ်ရေးအင်အား တောင့်တင်းခိုင်မာလာစေရန် တပ်မတော်ကို ကူညီအားဖြည့်ပေးခြင်းဖြင့် နိုင်ငံ့တာဝန်ကို ကျေပွန်သည့် နိုင်ငံ့သားကောင်းများအဖြစ် ဂုဏ်ယူကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ဦးအောင်ကျော်မိုးအား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မစ္စတာ ဒါဘာ ဒက်ဘ်အီးလ် ဟွန်းဒ်အား မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

နေပြည်တော် မေ ၁၆

မစ္စတာ ဒါဘာ ဒက်ဘ်အီးလ် ဟွန်းဒ်အား တိုကျိုမြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွဲအပ်ခြင်းခံရသော အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ ဒါဘာ ဒက်ဘ်အီးလ် ဟွန်းဒ်အား ၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်တွင် မွေးဖွားခဲ့ပြီး ၎င်းသည် ၂၀၀၆ ခုနှစ်တွင် အီသီယိုပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ အဲဒစ်အဘာဘာမြို့ရှိ ပြည်သူ့ဝန်ထမ်းတက္ကသိုလ်မှ ဖွံ့ဖြိုးတိုးတက်ရေးစီမံခန့်ခွဲမှုဆိုင်ရာဘွဲ့ကိုလည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်ရှိ အဇူဆာပစိဖိတ်တက္ကသိုလ်မှ အဖွဲ့အစည်းဦးဆောင်မှုဆိုင်ရာမဟာဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။ ၎င်းသည် ၂၀၀၅ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ အဲဒစ်အဘာဘာမြို့ရှိ အိုရိုမီယာဒေသ စားနပ်ရိက္ခာဖူလုံရေးရုံး အကြီးအကဲအဖြစ်လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ အိုရိုမီယာဒေသ လူထုစည်းရုံးရေးနှင့် လူမှုရေးရာဗျူရိုအကြီးအကဲအဖြစ်လည်းကောင်း၊ ၂၀၀၇ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဘူရာယုမြို့တော်ဝန်အဖြစ်လည်းကောင်း၊ ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အဲဒစ်အဘာဘာမြို့တော်အုပ်ချုပ်ရေးရုံး၏ စွမ်းရည်မြှင့်တင်ရေးဗျူရိုအကြီးအကဲအဖြစ်လည်းကောင်း၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ အိုရိုမီယာဒေသ ပညာရေးဗျူရိုအကြီးအကဲအဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ အိုရိုမီယာတိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ အိုရိုမီယာဒေသ စိုက်ပျိုးရေးနှင့် သဘာဝအရင်းအမြစ်ဗျူရိုအကြီးအကဲအဖြစ်လည်းကောင်း၊ ၂၀၂၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ရဝမ်ဒါသမ္မတနိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်လည်းကောင်း ရာထူးအသီးသီးဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် တိုကျိုမြို့အခြေစိုက် ဂျပန်နိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။

## အလုံမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ထုတ်ပေး

အလုံ မေ ၁၅

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက စောရန်ပိုင်အနောက်ရပ်ကွက်နေ ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးရရှိနိုင်ရေးအတွက် အလုံမြို့နယ်ဦးစီးမှူး၊ ဦးစီးအရာရှိ ဦးဝင်းနိုင် ဦးဆောင်သောဝန်ထမ်းများက ပန်းခင်းစီမံချက်(၃)ဖြင့် မေ ၁၅ ရက်က ကွင်းဆင်းဆောင်ရွက်ပေးရာ အလုံခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးအောင်၊ အလုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းထွန်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီး ထုတ်ပေးခဲ့သည်။

**တင်ဝင်းတင်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၅ - ၅ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၇၀၀ | ၄၄၆ | ၃,၈၉၁,၇၀၀ |
| MTSH | ၂,၉၀၀ | ၂,၈၅၀ | ၇၂၀ | ၂,၀၇၀,၀၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁,၅၀၀ | ၁,၅၅၀ | ၇,၇၄၅ | ၁၁,၇၀၄,၆၅၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၁၅ | ၄၃,၅၀၀ |
| EFR | ၁,၇၀၀ | ၁,၇၅၀ | ၄၄၁ | ၇၆၂,၈၅၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၁ | ၄,၆၀၀ |
| MAEX | ၂,၁၅၀ | ၂,၂၀၀ | ၃၃၅ | ၇၃၂,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။


themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁


☆ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံအနေဖြင့် အကောင်းဆုံးပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အာဆီယံအစည်းအဝေးများတွင် မြန်မာနိုင်ငံမှ ပါဝင်နိုင်မှုအခြေအနေများ၊ အာဆီယံအနေဖြင့် မြန်မာနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်လျက်ရှိမှုနှင့် အကူအညီလိုအပ်လျက်ရှိသည့်ပြည်သူများလက်ဝယ်ရောက်ရှိရေး အကောင်းဆုံးပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ ပြည်သူများ၏လိုလားချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာဖြင့်ဆက်လက်လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လွတ်လပ်ပြီးတရားမျှတသည့်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အခြေအနေမှန်များကို သိရှိအောင်ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံ၌ဖြစ်ပေါ်နေသည့် အခြေအနေများကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရေးအတွက် အာဆီယံအနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ အာဆီယံနှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သင့်သည့် အချက်များဆွေးနွေးရန်တို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် AHA Center အမှုဆောင်ဒါရိုက်တာတို့အား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များကို ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် H.E. Mr. Alounkeo KITTIKHOUN အား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပုံစံတူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ် ပေးအပ်စဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် H.E. Mr. Alounkeo KITTIKHOUN နှင့် အာဆီယံအတွင်းရေးမှူးချုပ် Dr. KAO KIM HOURN ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**

**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် အဖွဲ့နှင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် H.E. Mr. Alounkeo KITTIKHOUN နှင့် အာဆီယံအတွင်းရေးမှူးချုပ် Dr. KAO KIM HOURN ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**



# တရားမဝင်ကုန်စည်များနှင့်ပတ်သက်ပြီး စတင်တားဆီးဖမ်းဆီး စစ်ဆေးစဉ်ကပင် သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းစဉ်၊ SOPs များနှင့်အညီ ထိထိရောက်ရောက် မှန်မှန်ကန်ကန် ဆောင်ရွက်

**☆ တရားမဝင် ကုန်သွယ်မှုများကြောင့် တရားဝင်ပို့ကုန်ပမာဏကျဆင်းပြီး နိုင်ငံခြားသုံးငွေ ဝင်ရောက်မှုကျဆင်းစေခြင်း၊ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ငွေပေးချေမှုများ ပြုလုပ်နေခြင်းကြောင့် မှောင်ခိုငွေကြေးဈေးကွက်ဖြစ်ပေါ်စေခြင်း၊ နိုင်ငံတော်၏ ရငွေ/သုံးငွေစာရင်းအမှန်များ တွက်ချက်ရန် အခက်အခဲများဖြစ်စေခြင်းနှင့် အကျိုးဆက်အားဖြင့် မှန်ကန်သည့် ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာမူဝါဒများ ချမှတ်နိုင်ရေးအပေါ် အဟန့်အတားအနှောင့်အယှက်ဖြစ်စေခြင်းတို့ကို တွေ့ရှိရ**

**☆ တရားမဝင် ကုန်သွယ်မှုများကြောင့် တရားဥပဒေစိုးမိုးရေးအပေါ်တွင်လည်း သက်ရောက်မှုရှိကြောင်း တွေ့ရှိရပြီး နိုင်ငံ့ဝန်ထမ်းများ အကျင့်ပျက်ခြစားခြင်း၊ အဂတိလိုက်စားမှုကို တွန်းပို့စေကာ အကျင့်စာရိတ္တအားနည်းလာစေခြင်းမှတစ်ဆင့် အုပ်ချုပ်မှုယန္တရားကို ထိခိုက်လာနိုင်မည်**

☆ **ကျောဖုံးမှ**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ဦးထွန်းအုံး၊ ဒုတိယဝန်ကြီးများ၊ အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ပြည်တွင်းစားသုံးဆီဖူလုံရေးအလေးထား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ၂၀၂၄ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၄) အစည်း အဝေးတွင် **"သွင်းကုန်များလျှော့ချပြီး ပို့ကုန်များပိုမိုတင်ပို့နိုင်ရန်လိုကြောင်း၊ ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်းစားသုံးဆီဖူလုံရေးကို အလေးထားရန် ထပ်မံပြောကြားလိုကြောင်း၊ နှစ်စဉ်ပျမ်းမျှစားသုံးဆီ ဒေါ်လာသန်း ၅၀၀ မှ ၆၀၀ အတွင်း ပြည်ပမှတင်သွင်းနေရမှုအား ဆီဖူလုံအောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားငွေကုန်ကျမှုကို များစွာလျှော့ကျစေမည်ဖြစ်ကြောင်း၊ သယံဇာတပစ္စည်းများ တရားမဝင်ထုတ်ယူခြင်း၊ ရောင်းဝယ်ခြင်းနှင့် တရားမဝင်ကုန်သွယ်မှုများ မဖြစ်ပေါ်စေရေး တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း"** ထည့်သွင်းမှာကြားခဲ့ကြောင်း။

အလားတူ ၂၀၂၄ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၄/၂၀၂၄)တွင်လည်း **"နိုင်ငံ့စီးပွားရေးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့နိုင်ငံတွင် မြေခံရေခံကောင်းများနှင့် လူသားအရင်းအမြစ်များ ရှိပြီးဖြစ်ကြောင်း၊ သို့သော် စီးပွားရေးအရပိတ်ဆို့ခြင်း၊ ကုန်သွယ်ရေးလမ်းကြောင်းများအား ပိတ်ဆို့ခြင်းနှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်ဆောင်ရွက်၍ ကုန်စည်စီးဆင်းမှုများ နှောင့်နှေးပိတ်ဆို့အောင် ဆောင်ရွက်နေခြင်းများကြောင့် အခက်အခဲအချို့ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ အဆိုပါအချက်များကို ကျော်လွှားနိုင်မည်ဆိုပါက ကုန်သွယ်မှုများ ကောင်းမွန်လာပြီး နိုင်ငံ့စီးပွားပိုမိုတိုးတက်ကာ ငွေကြေးတန်ဖိုးများလည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာ တိုက်ဖျက်ရန် ဦးဆောင်ကော်မတီဖွဲ့စည်းပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပလာခဲ့သည်မှာ ယခုအခါ (၁၄)ကြိမ်ရှိပြီဖြစ်ကြောင်း၊ ယခင်အစည်းအဝေး (၁၃)ကြိမ်အထိ ဆုံးဖြတ်ချက် ၄၅၆ ချက် ချမှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဦးဆောင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးနောက် ဖမ်းဆီးရမိမှုများအနေဖြင့် ၂၀၂၄ ခုနှစ် ဧပြီလအထိ ဖမ်းဆီးရမိအမှုတွဲ ၁၂၄၃၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀ ဒသမ ၁၇၆ ဘီလီယံ) ဖမ်းဆီးရမိခဲ့ကြောင်း။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလများအတွင်း ဖမ်းဆီးရရှိမှုများအနေဖြင့် အကောက်ခွန်ဦးစီးဌာနက အများဆုံးဖမ်းဆီးရမိခဲ့ပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဖမ်းဆီးရရှိမှုများတွင် မန္တလေးတိုင်းဒေသကြီးက ပထမအများဆုံး၊ ကချင်ပြည်နယ်က ဒုတိယအများဆုံးနှင့် တနင်္သာရီတိုင်းဒေသကြီးက တတိယအများဆုံး ဖမ်းဆီးရမိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ကုန်ပစ္စည်းအုပ်စုအလိုက်ဖမ်းဆီးရရှိမှုများကို စိစစ်ရာတွင် လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်စည်တင် ရေယာဉ်အပါအဝင် မော်တော်ယာဉ်ယန္တရား ဖမ်းဆီးရရှိမှုများက အများဆုံးဖြစ်ပြီး ဒုတိယအများဆုံးက လုပ်ငန်းသုံးကုန်ကြမ်းများဖြစ်ကာ တတိယအများဆုံးက ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများဖြစ်သည်ကို တွေ့ရှိရကြောင်း။

ကမ္ဘာ့ကုလသမဂ္ဂ၏ ခန့်မှန်းချက်အရ တရားမဝင်ကုန်သွယ်မှုကြောင့် ကမ္ဘာ့နိုင်ငံများအနေဖြင့် အရပ်ရပ်သော ဝင်ငွေများဆုံးရှုံးမှုသည် နှစ်စဉ် အမေရိကန်ဒေါ်လာ နှစ်ထရီလီယံကျော်ခန့်ရှိပြီး စိုက်ပျိုးရေးထုတ်ကုန်ဆိုင်ရာ တရားမဝင်ကုန်သွယ်မှုတန်ဖိုးမှာ နှစ်စဉ်အမေရိကန်ဒေါ်လာ ၃၀ မှ ၄၀ ဘီလီယံအကြားနှင့် တရားမဝင်ဆေးဝါးများကြောင့် ကလေးသူငယ်များ အသက်ဆုံးရှုံးခြင်းအပြင် တရားမဝင် ဓာတုဆေးဝါးများကြောင့်လည်း သဘာဝသယံဇာတပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေကာ ကမ္ဘာပေါ်ရှိ နိုင်ငံများစွာကို ခြိမ်းခြောက်လျက်ရှိကြောင်း ဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

အာဆီယံဒေသတွင်း တွင်လည်း တရားမဝင်ကုန်သွယ်မှုများ မြင့်တက်လာခြင်းသည် အစိုးရများနှင့် တရားဝင်စီးပွားရေးလုပ်ငန်းများကို ငွေကြေးဆုံးရှုံးမှုများ ဖြစ်ပေါ်စေသည့်အပြင် ဇီဝမျိုးစုံ၊ မျိုးကွဲများ၊ လူ့အသက်များနှင့် လူ့အခွင့်အရေးများကိုသိသိသာသာထိခိုက်လာစေကြောင်း၊ ထိခိုက်နစ်နာရသည့် အဓိကကဏ္ဍများအနေဖြင့် ဆေးလိပ်၊ အရက်၊ အဖျော်ယမကာ၊ အရုပ်နှင့်ကစားစရာဂိမ်းများ၊ မော်တော်ယာဉ်အစိတ်အပိုင်းများ၊ ဆေးဝါးများ၊ စိုက်ပျိုးရေးဓာတုပစ္စည်းများ၊ ပိုးသတ်ဆေးများနှင့် မူပိုင်ခွင့်ခိုးကူးခြင်းတို့ပါဝင်ကြောင်းကို ဖော်ပြထားကြောင်း။

ထို့ပြင် ဉာဏပစ္စည်းမူပိုင်ခွင့် ကိစ္စရပ်များတွင်လည်း ကျယ်ပြန့်ရှုပ်ထွေးရုံသာမက ပြင်းထန်သည့် နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်ပေါ်စေကြောင်းနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း(OECD)၊ ကမ္ဘာ့ဉာဏပစ္စည်း မူပိုင်ခွင့်အဖွဲ့ (WIPO) တို့၏ တွေ့ရှိချက်များအရ ကုန်စည်အတုများ ကုန်သွယ်မှုသည် နှစ်စဉ်အမေရိကန်ဒေါ်လာ ၅၀၉ ဘီလီယံခန့်ရှိပြီး ကမ္ဘာ့ကုန်သွယ်ရေး၏ သုံးရာခိုင်နှုန်းခန့်ရှိကြောင်း။

**ကုန်ပစ္စည်း အတုအပများ**

အာဆီယံဒေသအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ကုန်ပစ္စည်းအတုအပများသည် နှစ်စဉ်အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံခန့်ရှိပြီး ဆေးဝါးအတုများအနေဖြင့် နှစ်စဉ်အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံခန့်ရှိကြောင်းနှင့် စီးပွားရေးအရ နစ်နာဆုံးရှုံးမှုအနေဖြင့် နှစ်စဉ်အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံခန့်ရှိကြောင်း လေ့လာတွေ့ရှိရကြောင်း။

မြန်မာနိုင်ငံနှင့် အဓိကကုန်သွယ်ဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဂျပန်စသည့် နိုင်ငံများနှင့် ကုန်သွယ်မှုကွာခြားချက်များ လေ့လာမှုတွင် International Trade Centre (ITC) ၏ Data များအရ ကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုကွာခြားချက်သည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာခြောက်ဘီလီယံကျော်မှ အများဆုံး ၁၂ ဘီလီယံအထိ ကွာခြားမှုရှိနေသည်ကို တွေ့ရှိရသည့်အတွက် တရားမဝင်ကုန်သွယ်မှုများ ရှိနေကြောင်း ဖော်ပြနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် သယံဇာတပေါကြွယ်ဝပြီး စိုက်ပျိုးရေးကို အဓိကအခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် သယံဇာတထုတ်ကုန်များနှင့် စိုက်ပျိုးရေးထွက်ကုန်များကို အဓိကထားပြီး ထုတ်လုပ်တင်ပို့လျက်ရှိကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်၏ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးကို များစွာအနှောင့်အယှက်အဟန့်အတား ဖြစ်ပေါ်လျက်ရှိကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကြောင့် အခွန်ဘဏ္ဍာများစွာဆုံးရှုံးခြင်း၊ နိုင်ငံ၏ လူမှုစီးပွားရေးကဏ္ဍများအပေါ် အပြုသဘောမဆောင်သည့် သက်ရောက်မှုများစွာ ရှိနေခြင်းများကြောင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများအပြင် ပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံအနေဖြင့် ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ရာတွင် အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်နှင့် စားသုံးသူပြည်သူတို့က အဓိကဖြစ်ကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံ့ဝင်ငွေတိုးတက်ရရှိစေရေးအတွက် အကောက်ခွန်နှင့် ရသင့်ရထိုက်သည့် အခွန်အခများ ဆုံးရှုံးမှုမရှိစေရေး၊ ပြည်သူများအတွက် ဘေးကင်းစိတ်ချရသည့် ကုန်စည်များအတွက် အာမခံချက်ပေးနိုင်ရေးတို့ဖြစ်ပြီး တရားမဝင်ကုန်စည်များ လျှော့နည်းပပျောက်စေရေး၊ နောက်ဆုံးအနေဖြင့် တရားမဝင်ကုန်သွယ်မှုကို လုံးဝကင်းစင်ပပျောက်သည်အထိ တိုက်ဖျက်ရေးတို့ကို အစိုးရအနေဖြင့် ဦးတည်ဆောင်ရွက်ကြမည် ဖြစ်ကြောင်း။

အွန်လိုင်းမှ ပြည်တွင်းတွင် ရောင်းချသည့် ဆေးဝါး၊ အလှကုန်၊ စားသောက်ကုန်၊ လူသုံးကုန်စသည့် ကုန်စည်အများစုသည်လည်း တရားမဝင်လမ်းကြောင်းများမှ တင်သွင်းရောင်းချနေခြင်းဖြစ်ကြောင်းကို စိစစ်တွေ့ရှိရကြောင်း၊ ထို့ကြောင့် အထူးအဖွဲ့များနှင့် One Stop Service (OSS) ဌာနဆိုင်ရာများအပြင် FDA၊ CID တို့အနေဖြင့် ပုံမှန်တားဆီးဖမ်းဆီးခြင်း၊ အသွင်ယူ သတင်းထောက်လှမ်း တားဆီးဖမ်းဆီးခြင်းနှင့် သတင်းပေးတိုင်ကြားမှုများအရ တားဆီးဖမ်းဆီးခြင်းများကို ထိထိရောက်ရောက် ယခုထက်ပိုပြီး ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

**ပူးပေါင်းဆောင်ရွက်**

ပြည်တွင်းလိုအပ်ချက်အရ ပြည်ပမှ အရည်အသွေးပြည့်မီသည့် ကုန်စည်များ တင်သွင်းနိုင်ရန်ကိုလည်း ကုန်ပစ္စည်းတစ်မယ်ချင်းအလိုက် စံချိန်စံညွှန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မြန်မြန်ဆန်ဆန် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

တရားမဝင် ကုန်သွယ်မှုများကြောင့် တရားဝင်ပို့ကုန်ပမာဏ ကျဆင်းပြီး နိုင်ငံခြားသုံးငွေ ဝင်ရောက်မှုကျဆင်းစေခြင်း၊ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ငွေပေးချေမှုများ ပြုလုပ်နေခြင်းကြောင့် မှောင်ခိုငွေကြေးဈေးကွက် ဖြစ်ပေါ်စေခြင်း၊ နိုင်ငံတော်၏ ရငွေ/သုံးငွေစာရင်း အမှန်များ တွက်ချက်ရန် အခက်အခဲများ ဖြစ်စေခြင်းနှင့် အကျိုးဆက်အားဖြင့် မှန်ကန်သည့် ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာမူဝါဒများ ချမှတ်နိုင်ရေးအပေါ် အဟန့်အတားအနှောင့်အယှက်ဖြစ်စေခြင်းတို့ကို တွေ့ရှိရကြောင်း၊ ထို့ပြင် တရားမဝင် ကုန်သွယ်မှုများကြောင့် တရားဥပဒေစိုးမိုးရေးအပေါ်တွင်လည်း သက်ရောက်မှုရှိကြောင်း တွေ့ရှိရပြီး နိုင်ငံ့ဝန်ထမ်းများ အကျင့်ပျက်ခြစားခြင်း၊ အဂတိလိုက်စားမှုကို တွန်းပို့စေကာ အကျင့်စာရိတ္တအားနည်းလာစေခြင်းမှ တစ်ဆင့် အုပ်ချုပ်မှုယန္တရားကို ထိခိုက်လာနိုင်မည်ဖြစ်ကြောင်း။

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် သက်ဆိုင်ရာအထူးအဖွဲ့များ၊ One Stop Service (OSS) ဌာနဆိုင်ရာ တာဝန်ခံများအနေဖြင့် ကုန်သွယ်မှုလမ်းကြောင်းများ၊ သက်ဆိုင်ရာ တာဝန်ကျစစ်ဆေးရေးစခန်းများတွင် တားဆီးခြင်း၊ ဖမ်းဆီးခြင်းများ ဆောင်ရွက်ရာတွင် တရားမဝင်တင်သွင်းမှုများအပြင် တရားမဝင်တင်ပို့မှုများကိုပါ ထိထိရောက်ရောက် တားဆီးဖမ်းဆီးပြီး ဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် တရားမဝင်ကုန်စည်များနှင့်ပတ်သက်ပြီး စတင်တားဆီး ဖမ်းဆီးစစ်ဆေးစဉ်ကပင် သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းစဉ်၊ SOPs များနှင့်အညီ ထိထိရောက်ရောက် မှန်မှန်ကန်ကန် ဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်းပြောကြားလိုကြောင်း။

စာမျက်နှာ ၅ သို့ ☆

☆ စာမျက်နှာ ၄ မှ

တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ထုတ်လုပ်မှုနှင့် စားသုံးသူ ပြည်သူများအတွက် အကျပ်အတည်း ဖြစ်ပေါ်စေခြင်းအပြင် စီးပွားရေးလုပ်ငန်းများအနေဖြင့်လည်း ဈေးကွက်ကမောက်ကမဖြစ်ခြင်းကြောင့် လုပ်ငန်းများမတိုးချဲ့နိုင်ခြင်းနှင့် ရပ်ဆိုင်းခြင်းတို့ဖြစ်ပေါ်လာစေပြီး ထိုမှတစ်ဆင့် ပြည်တွင်းတွင် အလုပ်လက်မဲ့ ဦးရေမြင့်တက်လာကာ ပြည်ပနိုင်ငံများသို့ သွားရောက် လုပ်ကိုင်ကြသည့်အတွက် ပြည်တွင်းကုန်ထုတ်လုပ်မှု ကဏ္ဍ၌ လုပ်အားများ လျော့နည်းသွားနိုင်ခြင်းနှင့်အတူ ကုန်ထုတ်လုပ်မှုများ လျော့ကျလာပြီး ပြည်တွင်းတွင် စီးပွားရေးအကျပ်အတည်း ဖြစ်ပေါ်လာကာ နိုင်ငံ၏ လူမှုစီးပွားရေးကဏ္ဍများအပေါ် များစွာအကျိုးသက်ရောက်မှုရှိလာမည်ဖြစ်ကြောင်း၊

ထို့ပြင် တရားမဝင်ကုန်သွယ်မှုများကြောင့် နောက်ဆုံးအဆင့်အနေဖြင့် တိုက်ရိုက်ထိခိုက်နစ်နာသူများသည် စားသုံးသူပြည်သူများဖြစ်သည့်အပြင် ကိုယ်တိုင်ထုတ်လုပ်သည့် တိုင်းရင်းသားလုပ်ငန်းရှင်များသည်လည်း တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ပါကြောင်း၊ ထို့ကြောင့် ယင်းဖြစ်စဉ်များ မဖြစ်ရအောင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရှိသည့် အထူးတိုက်ဖျက်ရေးအဖွဲ့များကလည်း တရားမဝင်ကုန်သွယ်မှုများကို လုံးဝကင်းစင်ပပျောက်သည်အထိ အစိုးရနှင့် ပြည်သူလက်တွဲပြီး ဆက်လက်ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ အတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးမင်းမင်းက ဦးဆောင်ကော်မတီအစည်းအဝေး (၁/၂၀၂၄) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

**ဖတ်ကြားတင်ပြ**

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူ၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ ခင်ဇော်နှင့် ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းထွန်းဦးတို့က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၄) သို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်အောင်နိုင်သူ က ထိန်းချုပ်ခါတုပစ္စည်းများ ပြည်ပမှ တင်သွင်းဆောင်ရွက်မည့် ကုမ္ပဏီတွင်ရှိသင့်သည့် Criteria စံသတ်မှတ်ချက်များနှင့် ကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် ဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က တရားမဝင် ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မူးယစ်ဆေးဝါး၊ ထိန်းချုပ်ခါတုပစ္စည်းများ၊ တရားမဝင်ယာဉ်များ၊ စက်သုံးဆီများ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်း ဖမ်းဆီးရမိမှုများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များ၊ ပို့ကုန်၊ သွင်းကုန်နှိုင်းယှဉ်ချက်များနှင့် ကုန်သွယ်ရေးစခန်းများ၌ ကုန်စည်စီးဆင်းနေမှု အခြေအနေများ၊ E-Lock စနစ် ဆိုင်ရာကိစ္စရပ်များ၊ တရားမဝင် Online မှ ကုန်ပစ္စည်းများရောင်းချနေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

**ဖတ်ကြားတင်ပြ**

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြပြီး ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင်က တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အစည်းအဝေး (၂/၂၀၂၄) ဆုံးဖြတ်ချက် (မူကြမ်း)များကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အာဆီယံ အလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖွဲ့တို့အကြား ပူးတွဲအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၅**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အာဆီယံ အလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူး ကိုယ်စားလှယ် H.E. Mr. Alounkeo KITTIKHOUN ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့အကြား ပူးတွဲအစည်းအဝေးတစ်ရပ်ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ ပူးတွဲအစည်းအဝေးသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိများ၊ အာဆီယံအတွင်းရေးမှူးချုပ် Dr. KAO KIM HOURN၊ AHA Centre အမှုဆောင်ဒါရိုက်တာ Mr. LEE YAM MING နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရေးနှင့် စပ်လျဉ်း၍ လက်ရှိဆောင်ရွက်လျက်ရှိသည့် ကိစ္စများ၊ အာဆီယံနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးသည် အာဆီယံ အလှည့်ကျဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Park Royal Hotel ၌ အလုပ်သဘောညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

သတင်းစဉ်

## ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် အိန္ဒိယလေတပ်မှ Assistant Chief of the Air Staff (Intelligence) ဖြစ်သူ Air Vice Marshal Ichettira Iyappa Kuttappa VM VSM အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၅**

ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်သည် မေ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပပြုလုပ်မည့် ဆဋ္ဌမအကြိမ်မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံလေတပ်ချင်း တွေ့ဆုံဆွေးနွေးပွဲသို့တက်ရောက်လာသည့် အိန္ဒိယလေတပ်မှ Assistant Chief of the Air Staff (Intelligence) ဖြစ်သူ Air Vice Marshal Ichettira Iyappa Kuttappa VM VSM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခံခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံလေတပ်နှစ်ရပ်အကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ သင်တန်းသားစေလွှတ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံလေတပ်နှစ်ရပ်အကြား ဆက်ဆံရေးပိုမိုတိုးတက်ကောင်းမွန်စေရေးဆိုင်ရာ ကိစ္စရပ်များနှင့် နည်းပညာဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။



တွေ့ဆုံပွဲအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် အိန္ဒိယလေတပ်မှ Assistant Chief of the Air Staff (Intelligence) ဖြစ်သူ Air Vice Marshal Ichettira Iyappa Kuttappa VM VSM တို့သည် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အိန္ဒိယလေတပ်မှ Assistant Chief of the Air Staff (Intelligence) ဖြစ်သူ Air Vice Marshal Ichettira Iyappa Kuttappa VM VSM ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူး Colonel Jaswinder Singh Gill နှင့် အိန္ဒိယလေတပ်မှ အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဆင်ဟွာသတင်းအေဂျင်စီတို့ လုပ်ငန်းသဘောတူညီချက် Service Provision Agreement လက်မှတ်ရေးထိုးခြင်းနှင့် ဂီတအနုပညာရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်

**ရန်ကုန် မေ ၁၅**

ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဆင်ဟွာ သတင်းအေဂျင်စီတို့ လုပ်ငန်း သဘောတူညီချက် Service Provision Agreement သတင်းဝန်ဆောင်မှု အသုံးပြုခြင်း စည်းကမ်းချက်ဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း အစီအစဉ်ကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တွင် ကျင်းပရာ ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်အားပေးသည်။

**လက်မှတ်ရေးထိုး**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်း ဆက်ပြောကြားပြီး မြန်မာ့အသံ နှင့် ရုပ်မြင်သံကြား ညွှန်ကြား ရေးမှူးချုပ် ဦးရဲနိုင်နှင့် ဆင်ဟွာ သတင်းအေဂျင်စီ၊ အာရှ-ပစိဖိတ် ဒေသဆိုင်ရာဗျူရို ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr. Li Kai တို့က မြန်မာ့အသံနှင့် ရုပ်မြင် သံကြားနှင့် ဆင်ဟွာသတင်း အေဂျင်စီတို့ လုပ်ငန်းသဘော တူညီချက် Service Provision Agreement ကို (မြန်မာ-အင်္ဂလိပ်) နှစ်ဘာသာဖြင့် လက်မှတ် ရေးထိုးကြသည်။



မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဆင်ဟွာသတင်းအေဂျင်စီတို့ လုပ်ငန်းသဘောတူညီချက် Service Provision Agreement သတင်းဝန်ဆောင်မှု အသုံးပြုခြင်း စည်းကမ်းချက်ဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း အခမ်းအနား ကျင်းပစဉ်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆင်ဟွာ သတင်းအေဂျင်စီ၊ အာရှ-ပစိဖိတ် ဒေသဆိုင်ရာဗျူရို ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့အား အမှတ်တရ လက်ဆောင်ပစ္စည်း များ ပေးအပ်ရာ ဆင်ဟွာသတင်း အေဂျင်စီအဖွဲ့ကလည်း အမှတ်တရ လက်ဆောင် ပြန်လည်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကြသည်။

ဆင်ဟွာသတင်းဌာန (XINHUA NEWS AGENCY)ကို ၁၉၃၁ ခုနှစ်တွင် Red China News Agency အနေဖြင့် စတင်ဆောင်ရွက်ခဲ့ရာမှ ၁၉၃၇ ခုနှစ်တွင် လက်ရှိအမည် ဖြင့် ပြောင်းလဲဆောင်ရွက်ခဲ့သော နိုင်ငံပိုင်သတင်းဌာန တစ်ခုဖြစ် ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ တစ်ဝန်း၌ သတင်းဗျူရို ၁၈၀ ဖွင့်လှစ်၍ ဝန်ထမ်းအင်အား တစ်သောင်းကျော်ဖြင့် သတင်း ရယူပြီး တရုတ်နိုင်ငံတွင် ဘာသာ စကား ခြောက်မျိုးနှင့် နိုင်ငံတကာ တွင် ဘာသာစကား ရှစ်မျိုး စုစု ပေါင်း ဘာသာစကား ၁၄ မျိုးဖြင့် News Media အသုံးပြု၍ ထုတ်လွှင့် နေခြင်းဖြစ်ကြောင်း သိရသည်။

၎င်းတို့ သတင်းဌာန၏ မူဝါဒမှာ သတင်း အကြောင်းအရာများ မှန်ကန်ခြင်းနှင့် မျှတခြင်းဖြစ်ပြီး ၎င်းတို့ သတင်းများကို ပြည်တွင်း၊ ပြည်ပနိုင်ငံများသို့ ဖြန့်ဖြူး ရောင်းချခြင်း၊ သတင်းဖလှယ်ခြင်း များ ဆောင်ရွက်လျက်ရှိရာ ယခု အခါ MRTV နှင့် သတင်းများ အခမဲ့ ဖလှယ်အသုံးပြုရန် ဆောင် ရွက်ခြင်းဖြစ်ပြီး ဆက်လက်၍ ပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန် လုပ်ငန်းသဘော တူညီချက် Service Provision Agreement ကို ဦးစွာလက်မှတ် ရေးထိုး ဆောင်ရွက်ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(အေ)တွင် Myanmar International(MI) Channelမှ အပတ်စဉ် တင်ဆက်လျက်ရှိသည့် Quiz Time အစီအစဉ် ရိုက်ကူးမှု ကို ကြည့်ရှုအားပေးပြီး ယင်းအစီ အစဉ်တွင် ပါဝင်ကြသည့် ဝူရှူး (ထိုက်ချီ)သရုပ်ပြသူ ပညာရေး တက္ကသိုလ်လေ့ကျင့်ရေးကျောင်း (ကမာရွတ်) Grade-7 မှ မမြဖူး ယသော်နှင့် ကီးဘုတ်တီးခတ်သူ Mercury Private School Grade-10 မှ မမိုးသဲနွယ်တို့အား နှုတ်ဆက်ပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး နှင့် တာဝန်ရှိသူများသည် မြန်မာ့ အသံနှင့် ရုပ်မြင်သံကြား စတူဒီယို (ဘီ)၌ နိုင်ငံတော်သံစုံတီးဝိုင်း၏ နိုင်ငံတကာသီချင်းများ လေ့ကျင့် နေမှုကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြု ငွေများချီးမြှင့်ပေးအပ်သည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစတူဒီယို(၁)၌ မေ ၁၈ ရက်တွင် ရောက်ရှိမည့် အပြည် ပြည်ဆိုင်ရာ ပြတိုက်များနေ့ အစီ အစဉ်အဖြစ် ထုတ်လွှင့်မည့် "ရှာဖွေသုတပညာမျှ ပြတိုက်များ ကဏ္ဍ" စကားဝိုင်းဆွေးနွေးပွဲ ရိုက်ကူးနေမှုကို ကြည့်ရှုအားပေး ပြီး ယင်းအစီအစဉ်တွင် ပါဝင် ဆွေးနွေးကြသည့် သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ဦးဆောင် သည့် အဖွဲ့အား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဂီတအကယ်ဒမီဆုပေးပွဲ ပြုလုပ်နိုင်ရန်အတွက် ဂီတအနုပညာရှင်များနှင့် တွေ့ဆုံဆွေးနွေး ပွဲတွင် အမှာစကား ပြောကြားစဉ်။

**ကြည့်ရှု**

ဆက်လက်၍ စတူဒီယို(၂)၌ ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ထုတ်လွှင့်မည့် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ မြို့ သာသနာ့ဝေပုလ္လကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တကောဝိဒ ( အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) ၏ တရားတော် ရိုက်ကူးထုတ်လွှင့်ရန် ပြင်ဆင်ထားရှိမှုကို ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့အသံ နှင့် ရုပ်မြင်သံကြား အစည်းအဝေး ခန်းမ၌ ဂီတအကယ်ဒမီဆုပေးပွဲ ပြုလုပ်နိုင်ရန်အတွက် ဂီတအနု ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေး ပွဲသို့ တက်ရောက်၍ ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကား ပြောကြားရာ တွင် မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)မှ တာဝန်ရှိသူများနှင့် သီးခြားဖိတ်ကြားထားသော ဂီတ ပညာရှင်များအား စုစည်းတွေ့ဆုံ ၍ ဂီတလောကမြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆွေးနွေးနိုင်ရန် ဖြစ်ပါကြောင်း၊ ယခုအခါ ဂီတလောကသားများ အနေဖြင့် ဂီတစွမ်းရည်ကို စုစည်း ပြသရန် အချိန်အခါသင့်ပြီဟု မြင်ပါကြောင်း၊ မြန်မာနိုင်ငံ ဂီတ အစည်းအရုံး(ဗဟို)မှ အကြံပြု တင်ပြလာသည့် ၂၀၂၄ ခုနှစ် ဇွန် ၂၇ ရက်တွင် မြန်မာနိုင်ငံဂီတနေ့ အခမ်းအနားကို ဂီတသမားများ အားလုံး ပူးပေါင်းပါဝင်ဆင်နွှဲနိုင် ရန်နှင့် ခမ်းနားထည်ဝါစွာ၊ စည်ကား သိုက်မြိုက်စွာ ကျင်းပနိုင်ရန် အတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေး ကြစေလိုပါကြောင်း၊ တစ်ဆက် တည်းတွင် ဂီတအကယ်ဒမီ ဆုပေးပွဲ (Music Academy Awards) ကျင်းပရေးနှင့် ပတ်သက်၍ ဂီတလောကသား များ၏ တူညီသော ဆန္ဒနှင့် စိတ်အားထက်သန်မှု၊ ရွေးချယ် ပေးအပ်မည့် ဆုအမျိုးအစားအရေ အတွက်နှင့် ဆုချီးမြှင့်ရန်ပမာဏ၊ ဆုရွေးချယ် စိစစ်ရေးအဖွဲ့နှင့် ရွေးချယ်မှုစနစ်ပုံစံ စသည်ဖြင့် အသေးစိတ် ဆွေးနွေးကြစေလိုပါ ကြောင်း။

ဆက်လက်၍ ဂီတလောက မြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများကို ပိုမိုဖော်ဆောင် နိုင်ရန်အတွက် မြန်မာနိုင်ငံဂီတ အစည်းအရုံးကို တိုးချဲ့ပြင်ဆင် ဖွဲ့စည်းသွားရန်နှင့် လုပ်ငန်းစဉ် များ သတ်မှတ်ဖော်ဆောင်နိုင်ရန် တို့အတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြရန် ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် မြန်မာနိုင်ငံဂီတ အစည်းအရုံး(ဗဟို) (ယာယီအမှု ဆောင်အဖွဲ့) ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် တာဝန်ရှိသူများ၊ သီးခြားဖိတ်ကြား ထားသော ဂီတပညာရှင်များက မြန်မာ့ဂီတနေ့ ကျင်းပရေး၊ ဂီတ အကယ်ဒမီဆုပေးပွဲ (Music Academy Awards) ကျင်းပနိုင် ရန်နှင့် ဂီတလောက ဖွံ့ဖြိုး တိုးတက်ရေးတွင် မြန်မာနိုင်ငံဂီတ အစည်းအရုံး ယာယီအမှုဆောင် အဖွဲ့အား တိုးချဲ့ပြင်ဆင်ဖွဲ့စည်း လိုမှုတို့ကို အသီးသီးဆွေးနွေး တင်ပြကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး ချုပ် ဦးရဲနိုင်က ဌာနမှ ကူညီဆောင် ရွက်ပေးနိုင်မည့် အခြေအနေများ နှင့် လုပ်ငန်းစဉ်များအား ပြန်လည် ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးက မြန်မာ့ဂီတနေ့ကို ရန်ကုန်မြို့၌ ၂၀၂၄ ခုနှစ် ဇွန် ၂၇ ရက်တွင် ဂီတလောကသားများ အားလုံး စုစည်းညီညွတ်စွာ အောင်မြင်အောင် ဆောင်ရွက် နိုင်ခြင်းဖြင့် ဂီတစွမ်းရည်ကို ပြသ နိုင်ရန်ဖြစ်ပါကြောင်း၊ ဂီတ အကယ်ဒမီဆုပေးပွဲကို ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ကျင်းပ လိုမှုအပေါ် အချိန်မီဆောင်ရွက် နိုင်ရေး အခြားဂီတပညာရှင် များအား ဖိတ်ခေါ်၍ အကြံဉာဏ် ရယူပြီး အသေးစိတ် စီစဉ်ဆောင် ရွက်ကြရန်ဖြစ်ပါကြောင်း၊ မြန်မာ နိုင်ငံ ဂီတအစည်းအရုံးကိုလည်း ဂီတလောကသားများ၏ ဆန္ဒဖြင့် အကောင်းဆုံးဖြစ်အောင် ဖွဲ့စည်း ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## ကိုယ့်အကြောင်းနှင့် ကိုယ့်ကိုယ်ကိုယ် စာလုံးပေါင်း

(ယမန်နေ့မှအဆက်)

"ကို" သည် မြန်မာစကားအစစ်ဖြစ်သဖြင့် ယသတ်မပါဘဲ "ကို" ဟု သုံးနှုန်းခဲ့၊ ရေးသားခဲ့ကြမည်ဆိုပါမူ "ကိုခန္ဓာ၊ ခန္ဓာကို၊ ကိုကျင့်တရား၊ ကိုချင်းစာ၊ ကိုစားလှယ်၊ ကိုစီကိုင်၊ ကိုထူးကိုချွန်၊ ကိုရေးကိုတာ ..." စသည် စသည် အသုံးအနှုန်း၊ အရေးအသားများ ဖြစ်လာကြပေလိမ့်မည်။ အခြားသော "ကို" များနှင့် မြန်မာစကား အစစ်ဖြစ်သော "ကို"၏ အနက်သည် ပါဠိဘာသာစကားဖြစ်သော "ကာယ" ပုဒ်၏အနက်နှင့် တိုက်တိုက်ဆိုင်ဆိုင် တူနေသည်မှာလည်း အံ့သြဖွယ်ပင်ဖြစ်ပေသည်။

ထို့ကြောင့် မြန်မာစကား "ကို" တွင် "ယသတ်ပေါင်းယှဉ်၍ "ကိုယ်"ဟု စာလုံးပေါင်းလိုက်ခြင်းဖြင့် ကိုယ်ခန္ဓာ၊ ခန္ဓာကိုယ်ဟူသော အတ္တဘောကြီးကို တန်းခနဲ၊ ထင်းခနဲ သိနိုင်ခြင်း၊ အခြားသော "ကို" များနှင့် မရောမထွေးခြင်း အကျိုးကျေးဇူးများကို ရနိုင်ပေသည်။ ဤအကျိုးကျေးဇူးများကို မျှော်ကိုးတွက်ဆပြီး ကျွန်ုပ်တို့၏ ဘိုးဘေးဘီဘင်များ "ကိုယ်" အရေးကို သတိကြီးကြီး၊ အမြော်အမြင်ကြီးကြီးဖြင့် ဖန်တီးတီထွင်ခဲ့ကြသည်မှာ ချီးကျူးဖွယ်၊ ကျေးဇူးတင်ဖွယ်ကောင်းပေစွဟု ခံစားမိပါသည်။

မြန်မာစကားအစစ်ဖြစ်သော "ကို"၏ အနက်သည် ပါဠိဘာသာစကားဖြစ်သော "ကာယ" ဟူသော ပုဒ်၏အနက်နှင့် တိုက်တိုက်ဆိုင်ဆိုင် တူနေသည်မှာလည်း အံ့သြဖွယ်ပင်ဖြစ်ပေသည်။ ပါဠိဘာသာ "ကာယ"ဟူသော ပုဒ်၏အနက် ၅ ချက်တွင် "အစုအပေါင်း" ဟူသော အနက်ပါဝင်သည်ကို ရှေ့တွင်ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ မြန်မာစကား ဖြစ်သော"ကို"၏ အနက်သည်လည်း "အစုအပေါင်း"ပင် ဖြစ်ပါသည်။

"ကို" ၏အနက် "ပေါင်းစည်း၊ ဆက်စပ်"ကို အခြေခံ၍ "အပေါင်းအစည်း၊ အပေါင်းအစု၊ အစုအပေါင်း၊ အတွေအခဲ၊ အကောင်အထည်" စသော အနက်ရှိသဖြင့်လည်း "ကို"ဟု ခေါ်ဆိုခြင်းဖြစ်သည်။ "ကို"တွင် "ပေါင်းစည်း၊ ဆက်စပ်" အနက်ရှိကြောင်းကို မြန်မာစကား၊ မြန်မာစာပေတွင် အသုံးတွင်ကျယ်နေသော၊ မြန်မာတို့ လက်ခံသုံးနှုန်းနေသော အခြားသော "ကို" အသုံးများ၊ အနက်များ၊ အဓိပ္ပာယ်များနှင့် နှိုင်းယှဉ်ကြံဆသင့်သည်ဟု ယူဆပါသည်။

"ကို"ကို ဝိဘတ်အဖြစ်ဖြင့်သော်လည်းကောင်း၊ ပစ္စည်းအဖြစ်ဖြင့်သော်လည်းကောင်း သုံးသည်ကို တွေ့ရပါသည်။

၁။ စန္ဒကူးနံ့သာနှစ်ကို သမီးတော်အကြီးအားပေး၏ ဟူသော ဝါကျတွင် အပေးခံရသော အရာသည် စန္ဒကူးနံ့သာနှစ်ဖြစ်ကြောင်းကို ကံဝိဘတ် "ကို"က ပေါင်းစည်း ဆက်စပ်ပေးသည်။ ထို့အတူ လယ်ကိုထွန်သည်။ စပါးကိုစိုက်သည် ဟူသောဝါကျများတွင် အထွန်ခံရသည်မှာ လယ်ဖြစ်ကြောင်း၊ အစိုက်ခံရသည်မှာ စပါးဖြစ်ကြောင်းကို ကံဝိဘတ် "ကို"က ပေါင်းစည်းဆက်စပ်ပေးသည်။

၂။ မန္တလေးကိုသွားမယ်ဟူသော အပြောစကားဝါကျတွင် သွားရန် ရေးရှုသောအရပ်သည် မန္တလေးဖြစ်ကြောင်းကို ရေးရှုရာပြ ဝိဘတ် "ကို" က ပေါင်းစည်းဆက်စပ်ပေးသည်။

၃။ မန္တလေးကိုရောက်ခဲ့တယ် ဟူသောအပြောစကားဝါကျတွင် ဆိုက်ရောက်ရာအရပ်သည် မန္တလေးဖြစ်ကြောင်းကို ဆိုက်ရောက်ရာပြဝိဘတ် "ကို"က ပေါင်းစည်းဆက်စပ်ပေးသည်။

၄။ ဆရာ့ကို ပေးလိုက်တဲ့စာအုပ် ဟူသောအပြောစကားဝါကျတွင် စာအုပ်ပေးခြင်းကို လက်ခံရသူမှာ ဆရာဖြစ်ကြောင်းကို လက်ခံပြဝိဘတ် "ကို"က ပေါင်းစည်းဆက်စပ်ပေးသည်။

၅။ တံတားအို မှောင်ကိုမလျှောက်နှင့်ဟူသော ဝါကျတွင် မလျှောက်ရမည့်အချိန်သည် မှောင်ချိန်ဖြစ်ကြောင်းကို အချိန်ပြဝိဘတ် "ကို"က ပေါင်းစည်းဆက်စပ်ပေးသည်။

၆။ ယောကျ်ားအမည်ရှေ့ဆက်ပစ္စည်း "ကို"၊ "သူကိုက မကောင်းတာပါ"မှ ပစ္စည်း "ကို"၊ "သွားကိုသွားရမယ်" မှ ပစ္စည်း "ကို" စသည့် "ကို" များသည်လည်း "ပေါင်းစည်း၊ ဆက်စပ်" အနက်များပင် ဖြစ်ကြသည်။

ဤတွင် "ခန္ဓာကိုယ်" ဟူသောအတ္တဘော "ကိုယ်ကို ကကြီးလုံးကြီးတင် တစ်ချောင်းငင် ယသတ်လျက် "ကိုယ်"ဟူသော စာလုံးပေါင်းကို လက်ခံပြီးဖြစ်ရာ "ကျွန်တော်၊ ကျွန်ုပ်၊ ငါ" ဟူသော အနက်ရှိသည့် ပြောသူနာမ်စား၊"ကိုယ်၊ နင်၊ သင်၊ မင်း" ဟူသော အနက်ရှိသည့် ကြားနာသူနာမ်စား "ကိုယ်" ဟုပင် စာလုံးပေါင်းသည်ကို အထူးရှင်းပြရန် လိုတော့မည်မဟုတ်ပါ။ ရှင်းပြရန်လိုသည်မှာ "ကိုယ့်ကိုယ်ကိုယ်" စာလုံးပေါင်းဖြစ်ပါသည်။

ကိုယ့်ကိုယ်ကိုယ်ဟူသော စကားတွင် "ကိုယ်" သုံးလုံးစလုံး၌ ယသတ်(ယ်) ပါရမည်ဖြစ်ကြောင်း မှတ်ယူရန်ဖြစ်ပါသည်။ အကျယ်ရှင်းမပြတော့ဘဲ အခြားအသုံးများနှင့် ညှိနှိုင်းပြီး စာလုံးပေါင်းအမှန်ကို သိနိုင်ပါကြောင်း တင်ပြလိုက်ရပါသည်။

ညှိနှိုင်းရန် –

ကျွန်တော့် ကိုယ် ကျွန်တော်

ငါ့ ကိုယ် ငါ

နင့် ကိုယ် နင်

မိမိ ကိုယ် မိမိ

မင်း ကိုယ် မင်း

သူ့ ကိုယ် သူ

သင့် ကိုယ် သင်

ဆရာ့ ကိုယ် ဆရာ

အဖေ့ ကိုယ် အဖေ စသည်။

ထို့ကြောင့် ကိုယ့်ကိုယ်ကိုယ်။

မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ။

## ရေကြောင်းလူငယ်မှ သင်တန်းသားများ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်နှင့် နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာ

## လေကြောင်းလူငယ်မှ သင်တန်းသားများ လေယာဉ်/ရဟတ်ယာဉ် လိုက်ပါပျံသန်း၊ ပြိုင်ပွဲများ ကျင်းပ

နေပြည်တော် မေ ၁၅

ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း (၁/၂၀၂၄) စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် သင်တန်းနည်းပြများ၊ အုပ်ချုပ်သူများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်သို့ လေ့လာရေးခရီးသွားရောက်ကြသည်။ ဦးစွာ လေကြောင်းနှင့် အာကာသသိပ္ပံပညာရပ်များ၊ လေယာဉ်ပျံသန်းမှုနှင့်သက်ဆိုင်သော အထွေထွေဗဟုသုတများ၊ တပ်မတော်(လေ)တွင် အသုံးပြုလျက်ရှိသော လေယာဉ်များအကြောင်းကို တပ်မတော်(လေ)မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။



ထို့နောက် သင်တန်းသား သင်တန်းသူများ လေယာဉ်ပျံသန်းမှု အတွေ့အကြုံ ရရှိစေရန် တပ်မတော်(လေ)မှ သယ်ယူပို့ဆောင်ရေး လေယာဉ်များဖြစ်သော Y-8 လေယာဉ်နှင့် ATR-72 လေယာဉ်တို့ဖြင့် လက်တွေ့လိုက်ပါစီးနင်းကြပြီး လေယာဉ်ပျံသန်းစီးနင်းရာတွင် လိုက်နာရမည့်အချက်များနှင့် လေကြောင်းဆိုင်ရာအတွေ့အကြုံများကို တာဝန်ရှိသူများက လေယာဉ်ပေါ်၌ ရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး လေ့လာရေးခရီး လာရောက်ကြသော ရေကြောင်းလူငယ်သင်တန်းသား သင်တန်းသူများအား ပြခန်း ခန်းမဆောင်တွင်ပြသထားသော နျူကလီးယားနည်းပညာအသုံးပြု၍ ရောဂါရှာဖွေမှု(တိုမိုဂရမ်) နမူနာ ပုံစံ၊ အသေးစားလျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုအမျိုးအစားတစ်ခုဖြစ်သော RITM-200 ၏ အတွင်းပိုင်းပါဝင်ပစ္စည်းများနှင့် အလုပ်လုပ်ပုံပြနမူနာပုံစံ၊ ခန္ဓာကိုယ်၏ ဓာတ်ရောင်ခြည်ပမာဏကိုတိုင်းတာပြီး သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုပစ္စည်းများတွင်ပါရှိသည့် ဓာတ်ရောင်ခြည်ပမာဏနှင့် နှိုင်းယှဉ်ဖော်ပြပေးသည့် Radiometer စက်၊ နျူကလီးယားနည်းပညာဆိုင်ရာ အခြေခံအကြောင်းအရာများကို မေးခွန်းများမေး၍ ဖြေကြားနိုင်သည့် ပဟေဠိဂိမ်းစနစ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ စသည့်သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုများတွင် ထွက်ရှိလျက်ရှိသော ရေဒီယိုသတ္တိကြွမှုကို တိုင်းတာဖော်ပြပေးသည့်စက်၊ နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခု၏ အတွင်းပိုင်း ပါဝင်ပစ္စည်းများနှင့် အဆင့်ဆင့်တည်ဆောက်ပုံကို 3D Virtual နည်းပညာဖြင့် ပုံဖော်ပြသသည့်ပုံစံငယ်နှင့် လေအားအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် Wind Turbine နမူနာပုံစံငယ်တို့အား အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗီဒီယိုပြခန်းမဆောင်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဂုဏ်ပြုသရုပ်ဖော်ပြသသည့်သီချင်း MTV၊ အသေးစား လျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုများ၏အရေးပါမှုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM ၏ အသေးစားလျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖို တည်ဆောက်မှုအတွေ့အကြုံများ ရှင်းလင်းတင်ပြမှု ဗီဒီယိုပြကွက်၊ နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာ အခြေခံအကြောင်းအရာများကို မြန်မာဘာသာဖြင့် ရှင်းလင်းပြောကြားထားသည့်ပြကွက်များ၊ ပိုစတာပြခန်းတွင် နျူကလီးယားနည်းပညာဖြင့် ကျန်းမာရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ ပညာရေး၊ စက်မှုလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး ကဏ္ဍအသီးသီးတွင် လက်တွေ့ကျကျ အသုံးပြုနေခြင်းဆိုင်ရာ ပိုစတာများကို လေ့လာကြည့်ရှုကြသည်။

အလားတူ တပ်မတော်(လေ)က ၂၀၂၄ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ် သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် သင်တန်းစခန်း ကိုးခုမှ ထူးချွန်ဆုရသင်တန်းသားများသည် Grob-120 TP လေယာဉ်နှင့် H-120 ရဟတ်ယာဉ်များအား လေယာဉ်မောင်းသင်ကျောင်းမှ နည်းပြလေသူရဲများနှင့်အတူ လက်တွေ့လိုက်ပါပျံသန်းခြင်းကို ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် အဆိုပါသင်တန်းစခန်း ကိုးခုမှ သင်တန်းသားများသည် RC လေယာဉ်/ရဟတ်ယာဉ် မောင်းပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ကြပြီး သင်တန်းသားများ၊ အုပ်ချုပ်သူနည်းပြများ၊ ဆရာဆရာမများနှင့် တာဝန်ရှိသူများက ယှဉ်ပြိုင်နေမှုများကို အားပေးကြည့်ရှုကြသည်။

အလားတူ ကျန်သင်တန်းစခန်း ရှစ်ခုမှ သင်တန်းသား၊ နည်းပြ/အုပ်ချုပ်သူများသည် လေ့လာရေးခရီးစဉ်အဖြစ် နံနက်ပိုင်းတွင် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် မြေပြင်အတတ်သင်လေတပ်စခန်းဌာနချုပ်ရှိ စက်မှု လက်မှု အတတ်သင်ကျောင်းကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်ရှိ လေယာဉ်မောင်းသင်ကျောင်းနှင့် Aeromedical Centre တို့ကိုလည်းကောင်း အသီးသီး လေ့လာခဲ့ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပညာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၂၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ



**နေပြည်တော် မေ ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီရှိ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီအတွင်းရေးမှူး၊ နေပြည်တော်စာတတ်မြောက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနနှင့် နေပြည်တော်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ၊ အခြေခံပညာ ကျောင်းအုပ်ကြီးများ၊ စာတတ်မြောက်ရေးလုပ်ငန်းတွင် သင်ကြားပေးခဲ့ကြသည့် စေတနာလုပ်အားပေးနည်းပြများနှင့် ကြီးကြပ်များ၊ စာသင်သားကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် ပညာရေးမိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်က ကောက်ယူခဲ့သည့် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ နိုင်ငံတစ်ဝန်းလုံးတွင် အသက် ၁၅ နှစ်နှင့်အထက် လူငယ်နှင့် သက်ကြီး စာမတတ်သူပေါင်း ၄ ဒသမ ၁ သန်းခန့် ရှိကြောင်း ထုတ်ပြန်ထားသည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် သန်းခေါင်စာရင်းအရ စာမတတ်သူဦးရေပမာဏများပြားနေမှုကို နှစ်အလိုက်လျှော့ချသွားနိုင်ရေးသည် နိုင်ငံအတွက် များစွာအရေးကြီးနေပါကြောင်း၊ ကျောင်းနေခွင့် ဆုံးရှုံးနေသည့် ကလေးများအရေအတွက်သည် ၂၀၁၄ ခုနှစ် ပြည်ထောင်စုလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ထုတ်ပြန်ထားချက်အရ ကျောင်းသင်ပညာရေးစနစ်ဖြင့် မသင်ကြားခဲ့ရသူ၊ ကျောင်းမနေခဲ့ရသူများနှင့် ကျောင်းပြင်ပရောက်ရှိနေကြသည့် ကလေးပေါင်း ၂ ဒသမ ၇ သန်းခန့် ရှိကြောင်း ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါ ကျောင်းမနေခဲ့ရသူ၊ ကျောင်းပြင်ပရောက် ဒေသအသီးသီးရှိ ကလေးများကို ကျောင်းပြင်ပပညာရေးနည်းလမ်းများဖြင့် ဒုတိယအကြိမ်သင်ကြားပေးသွားနိုင်ရေးကိုအလေးထားဆောင်ရွက်ပေးမှသာ နိုင်ငံအတွင်း၊ ဒေသအတွင်း ဖွံ့ဖြိုးမှု၊ အလုပ်အကိုင်ရရှိမှုများ ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အနေဖြင့် စာသင်သားပေါင်း ၉၀၇ ဦးတို့ကို စာသင်ဝိုင်းပေါင်း ၁၁၄ ဝိုင်း စုဖွဲ့၍ စေတနာလုပ်အားပေး နည်းပြနှင့် ကြီးကြပ် စုစုပေါင်း ၁၆၇ ဦးတို့က နေပြည်တော်အတွင်း စာမတတ်သူဦးရေ လျှော့ချနိုင်ရေးအတွက် နေပြည်တော်ကောင်စီ၏ အနီးကပ်စီမံမှုဖြင့် သင်ကြားပေးနိုင်ခဲ့ပါကြောင်း၊ မိမိတို့ရပ်ရွာအတွင်း၌ ရှိနေသေးသည့် စာမတတ်သူများထဲမှ စည်းရုံးရရှိနိုင်သူများကို နှစ်အလိုက် စာတတ်မြောက်ရေးလုပ်ငန်း ဆက်လက်သင်ကြားပေးသွားနိုင်ရေးနှင့် စာတတ်ပြီးစ သူများကို သင်ကြားပေးခြင်းပါဝင်သည့် စာဖတ်ရှိန်မြှင့်တင်ပေးရေး၊ ဝင်ငွေတိုးပွားအောင် ချိတ်ဆက်ဆောင်ရွက်ပေးရေးနှင့် အခြေခံလူတန်းစားပြည်သူများ၏ လူနေမှုဘဝမြှင့်မားရေးအတွက် ဘဝသာယာရေး ပညာပေးအစီအစဉ်များပါဝင်သည့် စဉ်ဆက်ပညာရေးလုပ်ငန်းကို ပညာရေးဝန်ကြီးဌာန၊ ဆက်စပ်ဝန်ကြီးဌာနများ၏ နည်းပညာထောက်ပံ့မှု၊ ပံ့ပိုးပစ္စည်းများ ထောက်ပံ့မှုတို့ကိုရယူ၍ နေပြည်တော်ကောင်စီက နှစ်အလိုက် အစီအစဉ်များရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက စာတတ်မြောက်ရေးအတွက် သင်ယူခဲ့ကြသည့် စာသင်သားပြည်သူများ၊ သင်ပေးခဲ့သူ စေတနာလုပ်အားပေးနည်းပြများ၊ ကြီးကြပ်များအားလုံးနှင့် ပံ့ပိုးကူညီပေးခဲ့သည့် ပညာရေးဝန်ကြီးဌာနနှင့်တကွ အခြေခံပညာဆရာ ဆရာမများကို နေပြည်တော်ကောင်စီက ကျေးဇူးတင်ရှိကြောင်း ဂုဏ်ပြုစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခဲ့သော နေပြည်တော်ကောင်စီနှင့် နေပြည်တော်ပညာရေးမှူးရုံးတို့ကို မှတ်တမ်းတင်ဂုဏ်ပြုလွှာပေးအပ်ရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် နေပြည်တော်ပညာရေးမှူး ဒေါက်တာကျော်လွင်တို့က လက်ခံရယူသည်။

**သင်ယူပြီးမြောက်ကြောင်းလက်မှတ်ပေးအပ်**

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် သင်ကြားပေးခဲ့ကြသည့် စေတနာလုပ်အားပေး နည်းပြ၊ ကြီးကြပ်များကို မှတ်တမ်းတင် ဂုဏ်ပြုလွှာပေးအပ်ရာ ခရိုင်ကိုယ်စားလှယ် ဆရာ ဆရာမများက လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် သင်ယူတတ်မြောက်ခဲ့ကြသည့် စာသင်သားများကို သင်ယူပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်ရာ ခရိုင်ကိုယ်စားလှယ်လေးဦးက လည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် စာသင်သားကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် သင်ကြားပေးခဲ့ကြသည့် စေတနာလုပ်အားပေးနည်းပြ၊ ကြီးကြပ်များနှင့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် သင်ယူတတ်မြောက်ခဲ့ကြသည့် စာသင်သားများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပညာရေးဝန်ကြီးဌာန
## “၂၀၂၄-၂၀၂၅ ပညာသင်နှစ်”
## ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံးသိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက်ပညာသင်ယူနိုင်ရေး အတွက် မိဘများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်း ဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်း ဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန် နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်။

ပညာရေးဝန်ကြီးဌာန

ပညာ

၂၀၂၄-၂၀၂၅ ပညာသင်နှစ်

“ကျောင်းနေအရွယ်ကလေးအားလုံး
အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့”

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၄ ခုနှစ်၊ မေလ (၂၃)ရက်နေ့မှ ဇွန်လ (၂) ရက်နေ့ထိ

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

**နေပြည်တော် မေ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားနေသည့် AA သောင်းကျန်းသူများ၏ အကြမ်းဖက်ဖြစ်စဉ်တိုက်ပွဲများကြောင့် ယင်းဒေသ၌ တာဝန်ထမ်းဆောင်နေသည့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဝန်ထမ်းများအား စစ်တွေမြို့သို့ ယာယီရွှေ့ပြောင်းထားရှိမှုနှင့် Unique ID ကတ် စိစစ်ဆောင်ရွက်ပေးမှုအခြေအနေ၊ ၎င်းတို့အနက် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ကိုင်ဆောင်ထားသည့် ကုလသမဂ္ဂဝန်ထမ်းအချို့ကို ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ရရှိရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေ၊ ခရီးသွားလာခွင့်နှင့် ယာယီနေထိုင်ခွင့်တောင်းခံထားသည့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် မိသားစုများအတွက် ခွင့်ပြုချက်ရရှိနိုင်ရေး ဆောင်ရွက်ရမည့်နည်းလမ်း၊ ဝန်ကြီးဌာနအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ငန်းများအဆင်ပြေအောင် ညှိနှိုင်းဆောင်ရွက်ပေးနေမှုအပေါ် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများအနေဖြင့်လည်း ၎င်းတို့၏ဝန်ထမ်းများကို စနစ်တကျ ထိန်းသိမ်းကြပ်မတ်၍ ပူးပေါင်းဆောင်ရွက်ပေးနိုင်ရေး အခြေအနေတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေး၊ အခြေခံပညာကျောင်းများ အဆင်သင့်ဖြစ်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

ပုသိမ် မေ ၁၅

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေး၊ အခြေခံပညာကျောင်းများ အဆင်သင့်ဖြစ်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး ပညာရေးမှူးရုံး အစည်းအဝေးခန်းမ (၁) ၌ ပြုလုပ်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးပညာရေးမှူးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဆောင်ရွက်မည့် ပညာရေးဆိုင်ရာ ကိစ္စရပ်များအားလည်းကောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရှစ်ခရိုင်မှ ခရိုင်ပညာရေးမှူးများနှင့် မြို့နယ်ပညာရေးမှူးများက ပညာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအားလည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ဆရာ ဆရာမများ၏ ဝတ်စားဆင်ယင်မှု၊ မိမိသင်ကြားသည့် ဘာသာရပ်များ ကျွမ်းကျင်ပိုင်နိုင်ရေး၊ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး နှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ ကျောင်းအဆောက်အအုံများ ဥပဓိရုပ်ကောင်းမွန်ရေးကိစ္စများကို ရှင်းလင်းဆွေးနွေးတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပုသိမ်ခရိုင် သာပေါင်းမြို့နယ် တောင်ကလေးကျေးရွာအခြေခံပညာမူလတန်းကျောင်း စာသင်ဝိုင်းသို့ သွားရောက်၍ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းအဖြစ် တိုင်းရင်းသားပြည်သူများအား စာသင်ကြားပေးနေမှုများကို ကြည့်ရှုအားပေးပြီး ဆရာ ဆရာမများနှင့် စာသင်သားများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပုသိမ်ခရိုင် သာပေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်အေးခန်းမ၌ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့်တွေ့ဆုံပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများအား Drum Seeder များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ ဘတ်စကက်ဘောပြိုင်ပွဲဖွင့်ပွဲကို မေ ၁၄ ရက်က လားရှိုးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း အားကစားခန်းမ၌ ကျင်းပရာ လားရှိုးမြို့နယ်ပညာရေးမှူး ဒေါ်အုန်းဆန်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများကို လိုက်လံနှုတ်ဆက်စဉ်။ ခရိုင်(ပြန်/ဆက်)

# မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

မကွေး မေ ၁၅

မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး ရဲဇာနည်ခန်းမ၌ ယနေ့နံနက် ၉ နာရီ ခွဲက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှုသရုပ်ပြပွဲကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးနှင့် ရဲအကူတပ်ဖွဲ့ခွဲမှူးရုံးမှ ရဲအရာရှိကြီးများ၊ တပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်းများ၊ မိသားစုဝင်များအား တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပြီး မီးငြိမ်းသတ်မှုသရုပ်ပြသခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# လင်းခေး၌ မြို့နယ်အဆင့် ကင်းထောက်သင်တန်းဖွင့်ပွဲကျင်းပ

လင်းခေး မေ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်ပညာရေးမှူးက ကြီးမှူး၍ မြို့နယ်အဆင့် ကင်းထောက်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက လင်းခေးမြို့ အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့ဆောင်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသားများကရှေ့သို့ခြေလှမ်းတေးသီချင်းကို ဂုဏ်ပြုသီဆိုကြသည်။ အဆိုပါသင်တန်းတွင် သင်တန်းနည်းပြဆရာ ဆရာမ ခြောက်ဦးတို့ဖြင့် သင်ခန်းစာဘာသာရပ် ၁၁ ခုကို သင်တန်းကာလ လေးရက်ကြာ ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရေချိုးတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# ရန်ကုန်ရွက်လှေအသင်းနှင့်အတူ ပေါ်ထွန်းလာသည့် မြန်မာ့ရွက်လှေအားကစား၏ နှစ်တစ်ရာပြည့်ခရီး

နဒီမင်း

ရန်ကုန်မြို့၏ အထင်ကရ အင်းယားကန် ရေပြင်ထက်တွင် ရွက်စုံကို လေနှင်ရာအလိုက်သင့် ဟန်ချက်ညီညီ ထိန်းကျောင်းရင်း ဦးတည်ရာ ပန်းတိုင်ဆီသို့ ဖြည်းဖြည်းငြိမ့်ငြိမ့်လေး သွားလာနေသည့် အဖြူရောင် ရွက်လှေငယ်များ။

ထိုမြင်ကွင်းကား မြန်မာနိုင်ငံတွင် ရွက်လှေအားကစားနည်း စတင်သန္ဓေတည်ရာ ရန်ကုန်ရွက်လှေအသင်း၏ အင်းယားကန်ရေပြင်တွင် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်က တစ်နှစ်တာကာလအတွင်း ကြီးမှူးကျင်းပသည့်ပြိုင်ပွဲများအနက် အဆင့်မြင့်ဆုံး တံခွန်စိုက်အလွတ်တန်းပြိုင်ပွဲကြီး ကျင်းပနေခြင်းပင် ဖြစ်သည်။



ရန်ကုန်ရွက်လှေအသင်း၏ ပထမဆုံး Club House အဆောက်အအုံ (၁၉၂၅ ခုနှစ်)။

**ရွက်လှေအားကစား သမိုင်းကြောင်း**

"ဒီပြိုင်ပွဲက မေလ ၁၈ ရက်နေ့မှာ ဆုချီးမြှင့်မှာ ဖြစ်ပါတယ်။ အဲဒီရက်က ရန်ကုန်ရွက်လှေအသင်း နှစ် ၁၀၀ ပြည့် အကြိုကာလနဲ့ တိုက်ဆိုင်နေတဲ့အပြင် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်က ကျင်းပတဲ့ ပြိုင်ပွဲတွေထဲမှာ အဆင့်မြင့်ဆုံး၊ အကြီးမားဆုံး ပွဲလည်းဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်ဝင်းက ပြောသည်။

မြန်မာနိုင်ငံ ရွက်လှေအားကစား သမိုင်းကြောင်းကို လေ့လာကြည့်ပါက ကိုလိုနီခေတ် အင်္ဂလိပ်တို့အုပ်ချုပ်စဉ် ၁၉၂၄ ခုနှစ်တွင် အင်္ဂလိပ်ဘုရင်ခံကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့သည့် Rangoon Sailing Club (ရန်ကုန်ရွက်လှေအသင်း) နှင့်အတူ မြန်မာ့ရွက်လှေအားကစားသည်လည်း တစ်ဆက်တည်း ပေါ်ပေါက်လာခဲ့သည်ဖြစ်ရာ ယခု ၂၀၂၄ ခုနှစ်ဆိုလျှင် ရန်ကုန်ရွက်လှေအသင်းနှင့် မြန်မာ့ရွက်လှေ အားကစားတို့သည် နှစ် ၁၀၀ ပြည့် သက်တမ်းသို့ ချင်းနင်းဝင်ရောက်လာခဲ့ပြီ ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်က ရန်ကုန်ရွက်လှေအသင်း၏ ရာပြည့်အထိမ်းအမှတ် အကြိုရွက်လှေပြိုင်ပွဲများကို Class အလိုက်၊ Series အလိုက် ရန်ကုန်မြို့ရှိ အင်းယားကန်နှင့် ရောဝတီတိုင်းဒေသကြီး ငွေဆောင်တို့တွင် တစ်နှစ်ပတ်လုံး အချိန်ယူကျင်းပပေးနေခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်ရွက်လှေ အားကစားသမားများကလည်း ကြံ့ကြံ့ခံ ရာပြည့်ပွဲတော်တွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိရေးအတွက် တက်ကြွစွာ အကြိတ်အနယ် ပါဝင်ယှဉ်ပြိုင်နေကြသည်။

ရန်ကုန်ရွက်လှေအသင်း (Rangoon Sailing Club )ကို ၁၉၂၄ ခုနှစ်မှ ၁၉၄၅ ခုနှစ်ထိ ဘုရင်ခံ အဆက်ဆက်က အသင်းဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး ဗြိတိသျှနိုင်ငံသားများက ဆင့်ကဲတာဝန်ယူဆောင်ရွက်ခဲ့သည်။ လွတ်လပ်ရေးရရှိပြီးနောက် ၁၉၅၄ ခုနှစ်တွင် မြန်မာလူမျိုးထဲမှ စတင်တာဝန်ယူခဲ့သူမှာ စစ်ရေယာဉ်မေယု စစ်ရေယာဉ်မှူး၊ ဒုတိယဗိုလ်မှူးကြီး ခင်ဖေကြီးဖြစ်ပြီး နောက်ပိုင်းတွင် မြန်မာနိုင်ငံသားများ အဆက်ဆက်က အသင်းဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ကြသည်။

မြန်မာ့ရွက်လှေ အားကစားအတွက် ရန်ကုန်ရွက်လှေအသင်းနှင့် (ရန်ကုန်ရွက်လှေအသင်း၊ အင်းယားကန်ကို အခြေတည်ကာဖွဲ့စည်းထားသည့်) မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်တို့သည် ဒင်္ဂါးပြားတစ်ပြား၏ ခေါင်းနှင့်ပန်းပမာအတူ ဒွန်တွဲလျက်ရှိနေသည့် ညီနောင်အဖွဲ့အစည်းတစ်ခုဟုဆိုလျှင် မှားမည်မထင်ပေ။

အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်က လက်ခံကျင်းပသည့် နိုင်ငံတကာ ရွက်လှေပြိုင်ပွဲများ၊ ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများ၊ ရွက်လှေအားကစားလှုပ်ရှားမှုများတွင် ရန်ကုန်ရွက်လှေအသင်းသည် မပါမဖြစ်အမြဲတမ်း သက်ဝင်လှုပ်ရှားနေသည့် တစ်ခုတည်းသော အသင်းဖြစ်ခြင်းကြောင့်ပင် ဖြစ်သည်။

**နိုင်ငံ့ဂုဏ်ကိုဆောင်**

၁၉၂၄ ခုနှစ် ကိုလိုနီခေတ်က ဓနိမိုး၊ ထရံကာ အဆောက်အအုံငယ်လေးဖြင့် စတင်ခဲ့သည့် ရန်ကုန်ရွက်လှေအသင်းသည် ယနေ့ မျက်မှောက်ကာလတွင် အဆောက်အအုံမှအစ နည်းပညာအဆုံး တိုးတက် ကောင်းမွန်လာသည့်အပြင် နိုင်ငံတကာအထိ ထိုးဖောက်ပြီး နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် အားကစားသမားများ ရှေးယခင်ကထက်ပင် ပေါ်ထွန်းလာရေးကို တာဝန်ယူသူ အဆက်ဆက်နှင့် အသင်းသားများက အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသည့် အသင်းတစ်သင်းဟုဆိုလျှင် မှားမည်မထင်ပါ။

ဓနိမိုး ထရံကာဖြင့် အစပြုခဲ့သည့် အသင်းအဆောက်အအုံကို ခေတ်ကာလအလျောက် အဆင့်ဆင့်ပြုပြင်တည်ဆောက်ခဲ့ကြပြီး ယခုတွေ့မြင်နေရသည့် အသင်းအဆောက်အအုံကြီးကို ၂၀၁၆ ခုနှစ် ဧပြီလတွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ငွေကျပ် သိန်း ၂၇၀၀ မတည်ထည့်ဝင် အကုန်အကျခံပြီး မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ရန်ကုန်ရွက်လှေအသင်း ရာသက်ပန်ဂုဏ်ထူးဆောင်အသင်းဝင်က ဆောက်လုပ်လှူဒါန်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၂၀၀၈ ခုနှစ် မေလ နာဂစ်မုန်တိုင်းဒဏ်သင့်ချိန်က အသင်း၏ အထင်ကရ ကညင်ပင်ကြီးပြိုလဲခဲ့ရသလို အဆောက်အအုံကြီးကိုလည်း အကြီးစားပြင်ဆင်မှုများ ပြုလုပ်ခဲ့ရပါသည်။ ရန်ကုန်ရွက်လှေအသင်းအနေဖြင့် လောကဓံကို ကြံ့ကြံ့ခံရင်ဆိုင်ခဲ့ရာတွင် ဒုတိယကမ္ဘာစစ်ကာလအတွင်းကလည်း ကျူးကျော်သူ ဂျပန်တို့၏ လေကြောင်းရန်မှ လွတ်ကင်းစေရန် အသင်းပိုင်လှေများကို ကန်ရေပြင်အောက် နှစ်မြှုပ်ကွယ်ဝှက်ခဲ့ရသလို အချို့လှေများကို မိတ္ထီလာကန်ရေပြင်သို့ ပို့ဆောင်ဖုံးကွယ်ခဲ့ရဖူးကြောင်း သိရသည်။

Rangoon Sailing Club အမည်မှ Yangon Sailing Club အမည်ကို ၁၉၉၆ ခုနှစ်တွင် ပြောင်းလဲခဲ့ပြီး မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်၏ ညီနောင်အဖွဲ့အစည်းဖြစ်သည့် ရန်ကုန်ရွက်လှေအသင်း တည်ရှိရာနေရာကျွန်းမြေကို ရွက်လှေအားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက်ရည်သန်၍ ၂၀၀၆ ခုနှစ်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက စည်းကမ်းသတ်မှတ်ချက်များဖြင့် တရားဝင်ခွင့်ပြုပေးထားခြင်း ဖြစ်သည်။

**ဝန်ထမ်းအင်အား ၄၅ ဦးဖြင့် လည်ပတ်**

ထို့ပြင် ရန်ကုန်ရွက်လှေအသင်းသည် တရားဝင်မှတ်ပုံတင်ထားပြီး အသင်းဝင်များ၏ ဝင်ကြေး၊ နှစ်စဉ်ကြေး၊ လစဉ်ကြေးများဖြင့် ရပ်တည်လှုပ်ရှားနေသော အကျိုးအမြတ်မရယူသည့် Members Club (Non – Profit Organization) တစ်ခုလည်းဖြစ်သည်။ လက်ရှိတွင် ဝန်ထမ်းအင်အား ၄၅ ဦးဖြင့် လည်ပတ်နေသည်။

လက်ရှိအချိန်တွင် ရန်ကုန်ရွက်လှေအသင်း (အင်းယားကန်)တွင် စနေ၊ တနင်္ဂနွေ အပတ်စဉ် ပုံမှန်ပြိုင်ပွဲများနှင့် သင်တန်းများ လအလိုက် ဖွင့်လှစ်ပေးခြင်း၊ နှစ်ပတ်လည်ပြိုင်ပွဲများ၊ နေ့ကြီးရက်ကြီး အထိမ်းအမှတ်ပြိုင်ပွဲများ အဆက်မပြတ် ကျင်းပလျက်ရှိသည်။

မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်အနေဖြင့် ၁၉၉၁ ခုနှစ် Burma Rowing & Yachting Federation မှ Myanmar Yachting Federation (မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်)အဖြစ် သီးခြားဖွဲ့စည်းစဉ်ကစပြီး ၂၀၀၅ ခုနှစ်အထိ ရွက်လှေအားကစားကို စိတ်ပါဝင်စားသူနည်းပါးခြင်း၊ ဘဏ္ဍာရေးအင်အား နည်းပါးခြင်း၊ နိုင်ငံတော်က ပံ့ပိုးပေးထားသည့် Optimist လှေ နှစ်စင်း၊ အဖွဲ့ချုပ်ပိုင်လှေ နှစ်စင်း စုစုပေါင်း လှေ လေးစင်းနှင့် ဒုတိယကမ္ဘာစစ်လက်ကျန် Sharpie နှင့် Rater လှေအဟောင်းများနှင့်သာ ရပ်တည်ခဲ့ရသည်။

ယခုဆိုလျှင် ရွက်လှေအဖွဲ့ချုပ်နှင့် ရန်ကုန်ရွက်လှေအသင်းပိုင် Rater လှေ ၁၆ စင်း ( SEA Games လှေခုနစ်စင်းမပါ)၊ Sharpie လှေ ၁၅ စင်း၊ Optimist သစ်သားလှေ ၁၂ စင်း၊ ဖိုက်ဘာလှေ ၇၅ စင်း၊ ILCA ၁၃ စင်း၊ In't 470 သုံး စင်း၊ In't 420 သုံးစင်း၊ Coach Boat နှစ်စင်း ပိုင်ဆိုင်ထားပြီဖြစ်ပြီး အားကစားသမားများ အရေအတွက်မှာလည်း Active Rater Sailor ၃၀၊ Sharpie A,B,C Class Sailor ၆၈ ဦး၊ Optimist A , I , B Class Sailor ၃၅ ဦးအထိ တိုးတက်လာခဲ့ပြီ ဖြစ်သည်။

နိုင်ငံတကာ ရွက်လှေပြိုင်ပွဲများကို မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်က အိမ်ရှင်အဖြစ် ၁၉၆၁ ခုနှစ် ရန်ကုန်မြို့ အင်းယားကန်တွင် 2nd SEAP Games၊ ၁၉၆၉ ခုနှစ် ပေလီတွင် 5th SEAP Games ၁၉၉၆ ခုနှစ် အင်းယားကန်တွင် Myanmar Open & 9th ASEAN Championships ပြိုင်ပွဲ၊ ၂၀၀၄ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာ၌ ASEAN Open Optimist Championship ပြိုင်ပွဲ၊ ၂၀၁၃ ခုနှစ် ဧပြီလတွင် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ကမ်းခြေ၌ Myanmar National Sailing Championship (Pre– SEA Games Event)၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ငွေဆောင်၌ 27th SEA Games ပြိုင်ပွဲစသည်ဖြင့် လက်ခံကျင်းပနိုင်ခဲ့သည်။

**စာမျက်နှာ ၁၁ သို့** ❄



ထိုင်းနိုင်ငံ Eastern Seaboard Regatta ပြိုင်ပွဲတွင် Optimist Class လှေများပြိုင်ပွဲဝင်နေစဉ်။ (၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ)



Yangon Sailing Club (YSC)တွင် Sharpies လှေများ Launch ပြုလုပ်ရန် စီတန်းထားစဉ်။

❋ စာမျက်နှာ ၁၀ မှ

၁၉၆၁ ခုနှစ် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံပြီး အင်းယားကန်တွင် ကျင်းပသည့် 2nd SEAP Games တွင် ရွက်လှေအားကစားကို ပထမဆုံး ထည့်သွင်းကျင်းပခဲ့သည့် ဦးဆောင်နိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့သလို ပြိုင်ပွဲဝင်အမျိုးအစား နှစ်မျိုးစလုံး ရွှေတံဆိပ်၊ ၁၉၆၉ ခုနှစ် မြန်မာနိုင်ငံ ငပလီတွင် ကျင်းပသည့်ပြိုင်ပွဲ လေးခုစလုံး ရွှေတံဆိပ်၊ ၂၀၀၁ ခုနှစ်တွင် မလေးရှားနိုင်ငံမှာ ကျင်းပသည့် 21st SEA Games ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်ရှိ စင်ကာပူနှင့် ထိုင်းတို့ကို ကျော်လွန်ကာ ရွှေတံဆိပ် သုံးဆု၊ ၂၀၁၃ ခုနှစ်တွင် နှစ်ပေါင်း ၄၄ နှစ်ကြာမှ ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်တွင် ပြန်လည်ကျင်းပခွင့်ရခဲ့သည့် 27th SEA Games တွင် ရွှေ ၂၊ ငွေ ၁၊ ကြေး ၂ စသည်တို့ ဆွတ်ခူးပေးနိုင်ခဲ့ပြီး အခြားသော ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများတွင်လည်း ဆုတံဆိပ်များစွာ ဆွတ်ခူးပေးနိုင်ခဲ့သည်ကို ဂုဏ်ယူဖွယ် မြင်တွေ့ရသည်။

မြန်မာ့ရွက်လှေ အားကစားသည် နှစ် (၁၀၀) အတွင်း ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များရယူကာ နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့သည့် ပြိုင်ပွဲများရှိသကဲ့သို့ အောင်ပွဲမဆင်နိုင်သည့် ပြိုင်ပွဲများလည်း ရှိခဲ့ဖူးသည်သာ ဖြစ်သည်။


နိုင်ငံတကာ ရွက်လှေပြိုင်ပွဲများ၏ စည်းမျဉ်းအရ၊ ရွက်လှေပြိုင်ပွဲကျင်းပမည့် အိမ်ရှင်နိုင်ငံတွင် Host Club ရှိရမည်ဟု သတ်မှတ်ထားသည့်အတွက် ၂၀၁၃ ခုနှစ် 27th SEA Games ပြိုင်ပွဲကျင်းပနိုင်ရေး နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်တွင် B.O.T စနစ်ဖြင့် ကျပ်သန်းပေါင်း ၂၅၃၀၀ ကို မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌက တစ်ဦးတည်းအကုန်အကျခံကာ Ngwe Saung Yacht Club & Resort တွင် လက်ခံကျင်းပနိုင်ခဲ့သည်။

ထိုပြိုင်ပွဲတွင် ဆုတံဆိပ်များဆွတ်ခူးအောင်မြင်ခဲ့ခြင်းနှင့်အတူ နိုင်ငံတကာ ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းနှင့်အညီ တရားမျှတဂုဏ်သိက္ခာရှိစွာ ကျင်းပနိုင်ခဲ့ခြင်း၊ Host Club ဖြစ်သည့် Ngwe Saung Yacht Club & Resort ၏ ခမ်းနားကြီးကျယ်မှုနှင့် မြန်မာ့ရွက်လှေအားကစား၏ ဂန္ထဝင်မြောက် တည်ဆောက်ထားသည့် ပြည်တွင်းဖြစ် Rater သစ်သားလှေကို ပြိုင်ပွဲဝင် Class အဖြစ် ထည့်သွင်းကျင်းပနိုင်ခဲ့သည်မှာလည်း သမိုင်းမှတ်တမ်းတစ်ခုဟု ဆိုရမည်ဖြစ်သည်။

ထိုသို့အဘက်ဘက်က ပြီးပြည့်စုံစွာ 27th SEA Games ကို ကျင်းပနိုင်ခဲ့သည့်အတွက် နိုင်ငံတကာ အိုလံပစ်ကော်မတီအဖွဲ့ဝင် Ng Ser Miang နှင့် ပြိုင်ပွဲကြီးကြပ်သူ Jury Chairman , Bryan Willis စသည့် နိုင်ငံတကာ ရွက်လှေအားကစား တာဝန်ရှိသူများ၏ မှတ်ချက်များကလည်း မြန်မာ့ရွက်လှေ အားကစား၏ မှတ်တမ်းတစ်လျှောက် ဂုဏ်ယူဖွယ်ရာအဖြစ် သမိုင်းမှတ်တမ်းတင်ရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်သည် မြန်မာ့ရွက်လှေ အားကစားအဆင့်အတန်း မြင့်မားစွာ ရပ်တည်နိုင်ရေးအတွက် နိုင်ငံတကာမှ ပညာရပ်ကျွမ်းကျင်သူများခေါ်ယူကာ သင်တန်းများပေးခြင်း၊ အခါအားလျော်စွာ ပြိုင်ပွဲများကျင်းပပေးခြင်း၊ ပြည်ပသို့ သွားရောက်ယှဉ်ပြိုင်စေခြင်းတို့ ပြုလုပ်လျက်ရှိသည်။

External Audit Firm စာရင်းစစ် အစီရင်ခံစာအရ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်သည် မြန်မာ့ရွက်လှေအားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စုစုပေါင်း ကျပ်သန်းပေါင်း ၁၈၇၅၈ ဒသမ ၉၈ နှင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၃ သန်း အကုန်အကျခံသုံးစွဲပြီး ဖြစ်သည်။


ရန်ကုန်မြို့ အင်းယားလမ်းအမှတ် (၁၃၂)တွင်တည်ရှိသည့် ရန်ကုန်ရွက်လှေအသင်းကလပ် အဆောက်အအုံကိုတွေ့မြင်ရစဉ်။


ILCA–4/6 Class ရွက်လှေများ ငွေဆောင်ပင်လယ်ပြင်တွင် လေ့ကျင့်နေစဉ်။ (၂၀၂၄ ခုနှစ်၊ မတ်လ)

မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်အနေဖြင့် ရန်ကုန်ရွက်လှေအသင်းနှင့်အတူ ရှင်သန်ပေါက်ဖွားလာသည့် မြန်မာ့ရွက်လှေအားကစား နှစ် (၁၀၀) ပြည့် အခမ်းအနားကို ကြီးကျယ်ခမ်းနားစွာ ကျင်းပနိုင်ရေး ပြင်ဆင်နေသလို တစ်ဖက်တွင်လည်း ၂၀၂၅ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပမည့် 33rd SEA Games ပြိုင်ပွဲတွင်လည်း ကမ္ဘာ့အဆင့်ဝင် ပြိုင်ဘက်နိုင်ငံများကို အန်တုယှဉ်ပြိုင်အနိုင်ရရှိရေး အားသွန်ကြိုးပမ်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

SEA Games ရွက်လှေအားကစား ထိပ်တန်းနိုင်ငံများမှာ စင်ကာပူနှင့် ထိုင်းဖြစ်ပြီး အချို့သော Class များတွင် ကမ္ဘာ့အဆင့် (၁) အထိ နေရာယူထားနိုင်သည်ကို တွေ့ရပါသည်။ 2024 Paris Olympic ပြိုင်ပွဲတွင်လည်း ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားတို့က Qualified ဖြစ်ခဲ့ပြီး ဖြစ်သည်။ "ရွက်လှေမှာ ထိပ်တန်းနိုင်ငံတွေက ထိုင်းနဲ့ စင်ကာပူပေါ့၊ အဲဒီလို ကမ္ဘာ့ထိပ်တန်းနိုင်ငံတွေကို ကျွန်တော်တို့က ယှဉ်ပြိုင်နေရတာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က ထိုင်းနဲ့ စင်ကာပူကိုကျော်လွန်ပြီး ဦးဆောင်နိုင်ခဲ့တဲ့ အစဉ်အလာတွေရှိခဲ့ပါတယ်"ဟု မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်ဝင်းက ပြောသည်။

ရွက်လှေအားကစားသည် နိုင်ငံတစ်ဝန်း လူထုအားကစားပုံစံမျိုး ဆောင်ရွက်ရန် လွယ်ကူသည့် အားကစားနည်းမျိုးကားမဟုတ်ပေ။ ရွက်လှေအားကစား၏ သဘောသဘာဝအရ ပင်လယ်ရေလှိုင်း၊ လေတိုက်ခတ်မှု အခြေအနေ၊ ပင်လယ်ရေစီးကြောင်း၊ ဒီရေပြောင်းလဲလာသော ရာသီဥတု၊ လေ၊ ရေ အခြေအနေတို့ကိုလိုက်ပြီး လျှပ်တစ်ပြက်လှုပ်ရှားဆုံးဖြတ်ရသော အားကစားနည်းတစ်ခုဖြစ်သည့်အတွက် အားကစားသမားများအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုရှိရန် အထူးလိုအပ်လှသည်။

နောက်ဆုံးပေါ် ရွက်လှေနှင့်ဆက်စပ်ပစ္စည်းများကိုအသုံးပြု၍ နိုင်ငံတကာ ရွက်လှေပြိုင်ပွဲများကို ပင်လယ်ပြင်၌သာ ကျင်းပရခြင်းဖြစ်သည့်အတွက် နည်းပညာအခက်အခဲများ၊ ရွက်လှေနှင့် ဆက်စပ်သည့်ပစ္စည်းများ တန်ဖိုးကြီးမြင့်မှု စသည့် ကန့်သတ်ချက်များကြောင့် မြန်မာနိုင်ငံကဲ့သို့ အဘက်ဘက်မှ လိုအပ်ချက်ရှိသည့် နိုင်ငံအတွက် လူအများစု တက်လှမ်းရန် အခက်အခဲရှိသော အားကစားနည်း တစ်ခုအဖြစ် တည်ရှိနေသေးသည်ဖြစ်ရာ မြန်မာ့ရွက်လှေအားကစား ရေရှည်တည်တံ့ရေးအတွက် နိုင်ငံတော်၏ ပံ့ပိုးမှုအပိုင်းက အဓိကကျသလို ရွက်လှေအားကစားဖွံ့ဖြိုးတိုးတက်ရေး၊ ရွက်လှေအားကစားသမား မျိုးဆက်သစ်များ ပေါ်ထွက်လာရေးတို့သည် လွန်စွာမှ အရေးကြီးသည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်သည့် ရွက်လှေအားကစားနည်းတွင် ကမ္ဘာ့အဆင့် ၁ နှင့် ၃ ကြားရပ်တည်နေသည့် ထိုင်းနှင့် စင်ကာပူကိုလေ့လာကြည့်မည်ဆိုလျှင် ထိုင်းနိုင်ငံသည် ထိုင်းဘုရင့်ရေတပ်စစ်ဦးစီးချုပ်ကို ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ခန့်ထားပြီး ရေတပ်သန္ဓေ မိသားစုဝင်များကို မဖြစ်မနေ ရွက်လှေစီးနင်းစေခြင်းဖြင့် ရွက်လှေအားကစားအတွက် အမေရိကန်ဒေါ်လာကိုးသန်းကျော် သုံးစွဲမြှင့်တင်ခဲ့ခြင်း၊ စင်ကာပူနိုင်ငံသည် Sailing နှင့် Swimming အားကစားနည်းနှစ်ခုကို နိုင်ငံ၏ဦးစားပေး အားကစားအဖြစ် သတ်မှတ်ကာ အမေရိကန်ဒေါ်လာ ၁၀ သန်း အကုန်အကျခံသုံးစွဲလျက်ရှိသည်ကို တွေ့မြင်ရမည် ဖြစ်သည်။

ထို့ပြင် SEA Games ရွက်လှေပြိုင်ပွဲ ဒုတိယအဆင့်ရှိသည့် မလေးရှားရွက်လှေအသင်းကို လေ့လာကြည့်ပါက မလေးရှားရွက်လှေအဖွဲ့ချုပ် ကွပ်ကဲမှုအောက်တွင် မလေးရှားနိုင်ငံ၏ ပင်လယ်ဆိပ်ကမ်းမြို့မှန်သမျှ၌ ရွက်လှေအသင်းပေါင်းများစွာ ဖွဲ့စည်းထားရှိသည်ကို မြင်တွေ့ရသည်။

မြန်မာနိုင်ငံအနေဖြင့် လတ်တလောကာလတွင် ရန်ကုန်ရွက်လှေအသင်း၊ တပ်မတော် (ရေ) လှေလှော်ရွက်တိုက်အသင်းနှင့် Ngwe Saung Yacht Club & Resort သာရှိသည်ဖြစ်ရာ ပင်လယ်ကမ်းရိုးတန်း ရေမိုင် ၁၃၈၅ မိုင် ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်ခုအနေဖြင့် စစ်တွေ၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ ငပလီ၊ ရွှေသောင်ယံ၊ ချောင်းသာ၊ မော်လမြိုင်၊ စက်စဲ၊ မောင်းမကန် စသည့် ရေမိုင်ဆက်စပ်တည်ရှိနေသည့် ဒေသများတွင် ဒေသခံများအားစည်းရုံးပြီး ရွက်လှေအသင်းအများအပြားကို ဖွဲ့စည်းတည်ထောင်သင့်သည်ဟု မြင်မိပါသည်။

ရွက်လှေ အားကစားနည်းသည် ပင်လယ်ကမ်းခြေကို အခြေပြုကစားရသည့် အားကစားနည်းဖြစ်ရာ သာယာလှပသည့် ကမ်းခြေများ ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံအနေဖြင့် ပင်လယ်ကမ်းခြေရှိသော ဒေသများတွင် တပ်မတော် (ရေ) ရေတပ်စခန်းဌာနချုပ်များတည်ရှိရာ ပင်လယ်ကမ်းရိုးတန်းဒေသခံများဖြင့် ရွက်လှေအသင်းများဖွဲ့စည်းကာ ပြည်တွင်း၊ ပြည်ပ ဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပပေးမည်ဆိုပါက ရွက်လှေအားကစားသမား မျိုးဆက်သစ်များ ပေါ်ထွန်းလာရေးနှင့် မြန်မာ့ရွက်လှေအားကစား အဆင့်အတန်းမြင့်မားလာရုံသာမက တစ်ဖက်တစ်လမ်းကလည်း ခရီးသွားလုပ်ငန်းအား မြှင့်တင်ပေးရာရောက်မည်ဖြစ်ပါသည်။

ရာပြည့်ကာလသို့ ရောက်ရှိလာပြီဖြစ်သည့် မြန်မာ့ရွက်လှေအားကစား ရေရှည်တည်တံ့ရေး၊ အားကစားမျိုးဆက်သစ်များ ပေါ်ထွက်လာရေး၊ အခြေခံလိုအပ်သော ရွက်လှေအသင်းများ ပေါ်ထွက်လာရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ၊ အသိပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြင့် မြန်မာ့ရွက်လှေအားကစားသည် အရှေ့တောင်အာရှပြိုင်ပွဲများမှသည် ကမ္ဘာ့အဆင့်ပြိုင်ပွဲများဆီသို့ တက်လှမ်းနိုင်မည်ဟု ထင်မြင်မိပါကြောင်း ရန်ကုန်ရွက်လှေအသင်း နှစ် (၁၀၀) ပြည့်ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။


ငွေဆောင်တွင် Optimist လှေများ Launch ပြုလုပ်ရန်စီတန်းထားစဉ်။

**"ပြိုင်ပွဲတွင် ဆုတံဆိပ်များဆွတ်ခူးအောင်မြင်ခဲ့ခြင်းနှင့်အတူ နိုင်ငံတကာ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းနှင့်အညီ တရားမျှတဂုဏ်သိက္ခာရှိစွာ ကျင်းပနိုင်ခဲ့ခြင်း၊ Host Club ဖြစ်သည့် Ngwe Saung Yacht Club & Resort ၏ ခမ်းနားကြီးကျယ်မှုနှင့် မြန်မာ့ရွက်လှေအားကစား၏ ဂန္ထဝင်မြောက်တည်ဆောက်ထားသည့် ပြည်တွင်းဖြစ် Rater သစ်သားလှေကို ပြိုင်ပွဲဝင် Class အဖြစ် ထည့်သွင်းကျင်းပနိုင်ခဲ့သည်မှာလည်း သမိုင်းမှတ်တမ်းတစ်ခုဟု ဆိုရမည်"**



တပ်မတော်(ရေ)၏ အမြန်သွားတိုက်ခိုက်ရေးရေယာဉ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ တရုတ်နိုင်ငံပိုင် CHANG HANG HAO HAI အမည်ရှိ ကုန်တင်ရေယာဉ်ကြီးပေါ်ရှိ ဒဏ်ရာရလူနာအား ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးစဉ်။



တရုတ်နိုင်ငံပိုင် CHANG HANG HAO HAI အမည်ရှိ ကုန်တင်ရေယာဉ်ကြီးပေါ်မှ ဒဏ်ရာရလူနာအား စစ်ရေယာဉ်ပေါ်သို့ ရွှေ့ပြောင်းနေစဉ်။

# မြန်မာ့ပင်လယ်ပြင်အတွင်း တရုတ်နိုင်ငံပိုင် ကုန်တင်ရေယာဉ်ကြီးတစ်စင်းပေါ်မှ ပြင်းထန်ဒဏ်ရာရရှိပြီး အရေးပေါ်ဆေးကုသရန်လိုအပ်လျက်ရှိသော ရေယာဉ်အမှုထမ်းအား တပ်မတော်(ရေ)က ကူညီကယ်ဆယ်

နေပြည်တော် မေ ၁၅

မြန်မာ့ပင်လယ်ပြင်အတွင်း ကိုကိုးကျွန်း၏အနောက်မြောက်ဘက် ၆၉ မိုင်ခန့် အကွာ၌ အိန္ဒိယနိုင်ငံ Dhamra Port မှ တရုတ်နိုင်ငံသို့ ထွက်ခွာလာသော တရုတ်နိုင်ငံပိုင် CHANG HANG HAO HAI အမည်ရှိ ကုန်တင်ရေယာဉ်ကြီးပေါ်မှ ရေယာဉ် အမှုထမ်းတစ်ဦးသည် မေ ၁၄ ရက် မွန်းလွဲ ၁ နာရီခန့်တွင် အမြင့်မှပြုတ်ကျ၍ စိုးရိမ်ရသည့်ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် အရေးပေါ်ဆေးကုသရန် လိုအပ်ကြောင်း MRCC မှတစ်ဆင့် အကူအညီတောင်းခံလာခဲ့သည်။ ထို့ကြောင့် ဟိုင်းကြီးကျွန်းမြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်မတော် (ရေ)မှ အမြန်သွားတိုက်ခိုက်ရေးရေယာဉ်တစ်စင်းသည် ရှာဖွေကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အဆိုပါကုန်တင်ရေယာဉ်ကြီးရှိရာ နေရာသို့ သွားရောက်ခဲ့ရာ ဒဏ်ရာရလူနာ တရုတ်လူမျိုး Mr. TAN BIN အမည်ရှိ ရေယာဉ်အမှုထမ်းအား ဆေးကုသမှုခံယူနိုင်ရန် စစ်ရေယာဉ်ပေါ်သို့ ရွှေ့ပြောင်းတင်ဆောင်၍ လူနာအား ကနဦး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြုလုပ်ပေးခဲ့ပြီး ဟိုင်းကြီးကျွန်းမြို့ရှိ တပ်မတော်ဆေးရုံသို့ အချိန်မီပို့ဆောင်ပေးခဲ့ကာ ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် လိုအပ်သော ဆေးအကာအကွယ်ပေးမှုများကို ဆက်လက်ဆောင်ရွက်နိုင်ရန် ပုသိမ်မြို့သို့ လူနာတင်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် တောင်ငူခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



တောင်ငူ မေ ၁၅

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတူ မေ ၁၄ ရက် မွန်းလွဲပိုင်းက တောင်ငူခရိုင်အတွင်း ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ရေတာရှည်မြို့နယ် ရေနီစက္ကူစက်ရုံ၌ ကောက်ရိုးပျော့ဖတ် စမ်းသပ်ထုတ်လုပ်နေမှုနှင့် ရေတာရှည်မြို့နယ် မြို့လှမြို့ (၁)ရပ်ကွက်ရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသည့် ဦးဇေယျာမင်း၏ Light House ကော်ဖီမှုန့်လုပ်ငန်းကို သွားရောက်ကြည့်ရှုအားပေးပြီး ကော်ဖီနှင့် ပတ်သက်၍ အသေးစား စားသုံးကုန်အမယ်သစ်များ ထပ်မံထုတ်လုပ်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တောင်ငူမြို့နယ် ဇရပ်ကြီးကုန်း ကျေးရွာအုပ်စုရှိ ဦးဟန်ထူး၏ ဝါးတူစက်ရုံနှင့် တောင်ငူမြို့ (၂၀)ရပ်ကွက်ရှိ ဦးစောအယ်ဒို၏ ဒေသကြက်မွေးမြူရေးနှင့် သားပေါက်လုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တောင်ငူမြို့နယ် မြင်းစာခွက်ကျေးရွာ၌ နွေစပါးစံပြကွက် ကောင်း၊သင့်၊ညီ့ အပိုင်းလိုက်ခွဲ၍ ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးရာ တစ်ဧကလျှင် ပျမ်းမျှ တင်း ၁၃၀ ကျော် ထွက်ရှိခဲ့ပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးအပြင် တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးမည့် ဒေသကြက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# မိုးနဲမြို့၌ မြို့နယ်အဆင့် ကင်းထောက်လူငယ် သင်တန်းဖွင့်

မိုးနဲ မေ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ ကင်းထောက်လူငယ်သင်တန်းဖွင့်ပွဲကို အခြေခံပညာအထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက်ကင်းထောက်လူငယ်များအတွက်လည်စည်း၊သင်ထောက်ကူပစ္စည်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်၊မြို့နယ်ပညာရေးမှူး ဒေါ်ခင်မိုးဆွေနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သွယ်သွယ်ဇင်တို့က ပေးအပ်ရာ နည်းပြဆရာမများက လက်ခံရယူကြသည်။

အဆိုပါသင်တန်းတွင် နည်းပြဆရာမခြောက်ဦးတို့က ကင်းထောက်လူငယ် ၄၀ ကို လေးရက်ကြာ တောတွင်းခရီးစဉ်ဆိုင်ရာ သိကောင်းစရာများ၊ ကြိုးချည်နည်း၊ ရှေးဦးသူနာပြုစုနည်းနှင့်အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးညွန့်ရွှေ

# လဲချားမြို့၌ မြို့နယ်အဆင့် ကင်းထောက်သင်တန်းဖွင့်ပွဲ ကျင်းပ

လဲချား မေ ၁၅

ရှမ်းပြည်(တောင်ပိုင်း) လဲချားမြို့တွင် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့်ပညာရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် မြို့နယ်အဆင့်ကင်းထောက်လူငယ် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီက အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးမြင့်ဝေက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်မြမြစန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။


ထို့နောက် ကင်းထောက်လူငယ်သင်တန်းသား သင်တန်းသူများက "ကင်းထောက်များရဲ့ရှေ့သို့ခြေလှမ်း" တေးသီချင်းဖြင့် သီဆိုဂုဏ်ပြုဖျော်ဖြေကြသည်။



အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၄၀ ဖြင့် သင်တန်းကာလ လေးရက်သင်ကြားဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**



# အစ္စရေးနိုင်ငံအား လက်နက်ထောက်ပံ့ရေး သမ္မတ ဘိုင်ဒင် အဆိုပြု

ဝါရှင်တန် မေ ၁၅

အစ္စရေးနိုင်ငံအား ကန်ဒေါ်လာ တစ်ဘီလီယံကျော် တန်ဖိုးရှိသည့် လက်နက်များထောက်ပံ့ရေး အဆိုပြုချက်ကို အမေရိကန် သမ္မတ ဘိုင်ဒင်က ကွန်ဂရက်သို့ တင်ပြခဲ့ကြောင်း သိရသည်။

ယင်းထောက်ပံ့မည့်လက်နက်များတွင် ကန်ဒေါ်လာ သန်း ၇၀၀ တန်ဖိုးရှိ တင့်ကားများ၊ ကန်ဒေါ်လာ သန်း ၅၀၀ တန်ဖိုးရှိ တိုက်ခိုက်ရေးယာဉ်များနှင့် ကန်ဒေါ်လာ သန်း ၆၀ တန်ဖိုးရှိ မော်တာကျည်ဆန်များပါဝင်သည်။ မကြာသေးမီကာလအတွင်း အစ္စရေးတပ်ဖွဲ့သည် ရာဖာတွင် အမေရိကန်က ထောက်ပံ့ပေးသည့်ဗုံးများဖြင့် တိုက်ခိုက်ခဲ့ကြောင်း တွေ့ရှိချက်များအရ အမေရိကန်အစိုးရက အစ္စရေးအား လက်နက်ထောက်ပံ့မှု ရပ်ဆိုင်းခဲ့ပြီးနောက် လက်နက်ထောက်ပံ့ရေးဆောင်ရွက်မည့် အစီအမံဖြစ်သည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်း ရာဖာတွင် အစ္စရေးက ကျူးကျော်ရေးစစ်ပွဲများဆောင်ရွက်နေခြင်းကြောင့် အစ္စရေးအား လက်နက်ထောက်ပံ့ရေးကိစ္စကို ရီပတ်ပလီကန်များက ကန့်ကွက်ခဲ့သဖြင့် သမ္မတဘိုင်ဒင်က အစ္စရေးကို လက်နက်ထောက်ပံ့မှုရပ်ဆိုင်းမည်ဟု ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# စင်ကာပူနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ် လောရန့်စ်ဝေါင် စတုတ္ထမြောက် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆို

စင်ကာပူ မေ ၁၅

စင်ကာပူနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ် လောရန့်စ်ဝေါင်သည် နိုင်ငံ၏ စတုတ္ထမြောက် ဝန်ကြီးချုပ်အဖြစ် မေ ၁၅ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။



ဝန်ကြီးချုပ်ဟောင်း လီရှန်လွန်း



ဝန်ကြီးချုပ်သစ် လောရန့်စ်ဝေါင်

စင်ကာပူနိုင်ငံသည် ပြည်တွင်းနှင့် နိုင်ငံတကာ စိန်ခေါ်မှုများကို ရင်ဆိုင်နေရချိန်တွင် လောရန့်စ်ဝေါင်သည် စတုတ္ထမြောက် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ခြင်းဖြစ်သည်။

လောရန့်စ်ဝေါင်သည် ပထမဆုံး နိုင်ငံဝန်ကြီးချုပ်နှင့် နိုင်ငံတည်ထောင်သူ လီကွမ်ယု၏ အကြီးဆုံးသားဖြစ်သူ လီရှန်လွန်း နေရာကို ဆက်ခံမည်ဖြစ်သည်။

အသက် ၅၁ နှစ် အရွယ်ရှိသည့် လောရန့်စ်ဝေါင်သည် လူလတ်တန်းစားမိသားစုမှ ဆင်းသက်လာသူဖြစ်သည်။

ဝန်ကြီးချုပ် လီရှန်လွန်း၏ ရုံးခန်းတွင် အဆင့်မြင့်အရာရှိ တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ပြီးနောက် နိုင်ငံရေးလောကသို့ ဝင်ရောက်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ပါလီမန်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံခဲ့ရသည်။

လောရန့်စ်ဝေါင်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

၂၀၂၂ ခုနှစ်တွင် ဝန်ကြီးချုပ် လီရှန်လွန်းက လောရန့်စ်ဝေါင်အား ဒုတိယဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။

ဝန်ကြီးချုပ် လီရှန်လွန်းသည် လောရန့်စ်ဝေါင်၏ လက်ထက်တွင် အစိုးရအဖွဲ့ဝန်ကြီးအဖြစ် တာဝန် ဆက်လက်ထမ်းရွက်မည်ဖြစ်သည်။

ကလေးမွေးဖွားနှုန်း ကျဆင်းမှုနှင့် အမေရိကန်-တရုတ် တင်းမာမှုများကြားတွင် လောရန့်စ်ဝေါင်သည် စင်ကာပူနိုင်ငံကို မည်သို့ ဦးဆောင် ထိန်းကျောင်းကိုင်တွယ်သွားမည်ဆိုသည်ကို ပြည်သူများက စိတ်ဝင်စားနေကြသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**



# အိန္ဒိယနိုင်ငံအနောက်ပိုင်း မွမ်ဘိုင်းမြို့၌ ကြော်ငြာဆိုင်းဘုတ်ကြီးတစ်ခု ပြိုကျ

မွမ်ဘိုင်း မေ ၁၅

အိန္ဒိယနိုင်ငံ အနောက်ပိုင်း မွမ်ဘိုင်းမြို့၌ မေ ၁၃ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ကြော်ငြာဆိုင်းဘုတ်ကြီးတစ်ခု ပြိုကျခဲ့ရာ ၁၆ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**လူများနှင့်ကားများပိတ်မိနေ**

အဆိုပါဆိုင်းဘုတ်သည် ဓာတ်ဆီဆိုင် တစ်ဆိုင်အပါအဝင် လူနေအိမ်များပေါ်သို့ ပြုတ်ကျခဲ့ရာ အောက်ဘက်ရှိ လူများနှင့် ကားများ ပိတ်မိနေခဲ့သည်။

အဆိုပါမတော်တဆဖြစ်စဉ်ကြောင့် ၁၆ ဦး သေဆုံးပြီး ၇၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံအာဏာပိုင်များက ပြောကြားသည်။ ကယ်ဆယ်ရေးသမားများသည် အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေနေဆဲဖြစ်သည်။

စတုရန်းမီတာ ၁၂၀၀ ကျော် ကျယ်ဝန်းသော ကြော်ငြာဘုတ်ကြီးကို လူနေအိမ်များရှိသည့် နေရာတွင် စိုက်ထူရန် ဒေသဆိုင်ရာ တာဝန်ရှိသူများက ခွင့်မပြုသင့်ကြောင်း မီဒီယာများက ပြောသည်။

အဆိုပါဆိုင်းဘုတ်ပြုတ်မကျမီ ၎င်း၏ လုံခြုံရေးနှင့်ပတ်သက်၍ တိုင်ကြားမှုများရှိခဲ့ကြောင်း သိရသည်။ အာဏာပိုင်များက ခွင့်မပြုသော ကြော်ငြာဘုတ်များကို ဖယ်ရှားရန် ညွှန်ကြားထားကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၅-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၆၀ | ၂၇၄၀ | ၂၇၂၀ | ၂၆၇၀ | ၂၇၄၀ | ၂၇၅၅ | ၂၇၆၅ | ၂၇၂၀ | ၂၈၅၀ | ၂၈၀၀ | ၂၇၃၀ | ၂၇၄၅ | ၂၇၇၅ | ၂၇၆၅ | ၂၇၀၀ | ၃၁၈၅ | ၃၄၅၀ |
| 95 Ron | ၂၇၆၅ | ၂၈၄၅ | ၂၈၂၀ | ၂၇၇၅ | ၂၈၄၅ | ၂၈၅၅ | ၂၈၇၀ | ၂၈၂၅ | ၂၉၅၅ | ၂၉၈၅ | ၂၈၃၀ | ၂၈၄၅ | ၂၈၀၀ | ၂၈၇၀ | ၂၈၀၀ | ၃၂၉၀ | ၃၅၆၀ |
| HSD (500 ppm) | ၂၃၂၅ | ၂၄၀၀ | ၂၃၈၀ | ၂၃၃၅ | ၂၄၁၅ | ၂၄၁၅ | ၂၄၂၅ | ၂၃၈၅ | ၂၅၁၅ | ၂၅၄၅ | ၂၃၉၀ | ၂၄၁၅ | ၂၄၄၀ | ၂၄၃၀ | ၂၄၄၀ | ၂၈၅၀ | ၃၅၀၀ |
| HSD (50 ppm) | ၂၃၇၀ | ၂၄၅၀ | ၂၄၂၅ | ၂၃၈၀ | ၂၄၅၀ | ၂၄၆၅ | ၂၄၇၅ | ၂၄၃၀ | ၂၅၆၀ | ၂၅၉၀ | ၂၄၄၀ | ၂၄၅၅ | ၂၄၈၅ | ၂၄၇၅ | ၂၄၈၅ | ၂၈၉၅ | ၃၆၄၀ |
| HSD (10 ppm) | ၂၃၇၀ | ၂၄၅၀ | ၂၄၂၅ | ၂၃၈၀ | ၂၄၅၀ | ၂၄၆၅ | ၂၄၇၅ | ၂၄၃၀ | ၂၅၆၀ | ၂၅၉၀ | ၂၄၄၀ | ၂၄၅၅ | ၂၄၈၅ | ၂၄၇၅ | ၂၄၈၅ | ၂၈၉၅ | ၃၆၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၂၆ | ၂၆၁၀ |
| 95 Ron | ၂၆၂၆ | ၂၇၁၂ |
| HSD (500 ppm) | ၂၁၉၈ | ၂၂၇၁ |
| HSD (50 ppm) | ၂၂၄၄ | ၂၃၁၉ |
| HSD (10 ppm) | ၂၂၄၄ | ၂၃၁၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**❂ MNL Cup မှ**

ဒဂုံစတားအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့သော်လည်း မောင်မောင်ဝင်း၊ ဇော်ရဲထွန်း၊ မျိုးဇော်ဦး၊ ကျော်ဇင်လွင်တို့ဖြင့် လူစုံခဲ့သည်။ ဒဂုံစတားအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၉ မိနစ်တွင် သက်ပိုင်ထူးက တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဒဂုံစတားအသင်းက ပွဲကိုထိန်းကစားသွားပြီး ယင်းဂိုးဖြင့်ပင် အနိုင်ရရှိခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက ရှေဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဒဂုံစတားအသင်း အနိုင်ရသွားသဖြင့် နှစ်သင်းစလုံး နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ကုန်ဆုံးသွားသော်လည်း ဟံသာဝတီအသင်းက နိုင်ပွဲရယူကာ ပထမအကျော့ ရှုံးကြွေးပြန်ဆပ်ခဲ့သည်။ ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ အုပ်စု (ဃ) တွင် ဆီမီးတက်ရန် မျှော်လင့်ချက်ရှိသည့်နှစ်သင်း ထိပ်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး သရေကျခဲ့သဖြင့် ရတနာပုံအသင်းက ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး နောက်ဆုံးပွဲတွင် အနိုင်ရရုံဖြင့် ဆီမီးတက်ခွင့်ရမည်ဖြစ်သည်။ သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် မြဝတီအသင်းက ရက္ခပူရယူနိုက်တက်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။

အုပ်စု (ဂ) တွင် ဒဂုံစတားယူနိုက်တက်အသင်းက ခုနစ်ပွဲကစား ရမှတ် ၁၉ မှတ်ဖြင့် ဆီမီးဖိုင်နယ် တက်ရောက်သွားပြီး ဟံသာဝတီအသင်းက ခုနစ်ပွဲကစား ၁၅ မှတ်၊ ရှေဝတီအသင်းက ခုနစ်ပွဲကစား ၁၂ မှတ်၊ Dagon Port အသင်းက ခုနစ်ပွဲကစား ခုနစ်မှတ်၊ ငွေကြယ်ပွင့်အသင်းက ပွဲကုန်ရှစ်ပွဲကစား အမှတ်မရ၊ အုပ်စု (ဃ) တွင် ရတနာပုံအသင်းက ခုနစ်ပွဲကစား ၁၆ မှတ်၊ အား/ကာသိပ္ပံအသင်းက ခုနစ်ပွဲကစား ၁၅ မှတ်၊ သစ္စာအားမာန်အသင်းက ခုနစ်ပွဲကစား ၁၁ မှတ်၊ မြဝတီအသင်းက ခုနစ်ပွဲကစား ခုနစ်မှတ်၊ ရက္ခပူရယူနိုက်တက်အသင်းက ပွဲကုန်ရှစ်ပွဲကစား တစ်မှတ်ရရှိခဲ့သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

နေပြည်တော် မေ ၁၅

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံ စစ်ဆေးရေးစခန်း၌ တောင်ကြီးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ဖိနပ် အရန် ၃၀၀၊ ခရုဆီ ပုလင်း ၂၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၀၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Van တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၀၄၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်လေးစီးနှင့် သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Steel Pipe ကီလိုဂရမ် ၁၇၁၀၀၊ စိုက်ပျိုးရေးလုပ်ငန်းသုံး လယ်ထွန်စက် ၄၅ လုံးအပါအဝင် ကုန်ပစ္စည်း ၁၄ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၈၅၈၈၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck လေးစီး၊ Cheng Long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မရမ်းကုန်းမြို့နယ် အမှတ် (၃) ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း လှိုင်းတက်ဟိုတယ်အနီး၌ လိုင်စင်မဲ့ Toyota Vellfire ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၀၀၀၀၀၀)နှင့် အင်းစိန်မြို့နယ် ကျောက်ပြားလမ်း (၁၄) လမ်းဆုံ မီးပွိုင့်အနီး၌ လိုင်စင်မဲ့ Toyota Crown ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅၀၀၀၀၀၀) တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၃၅၈၈၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၁၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁၂ ဒသမ ၃၄၁ တန်၊ သစ်မာသုည ဒသမ ၅၃၀ တန်နှင့် အခြားသစ် ၂ ဒသမ ၃၁၆ တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၆၈၉၃၈) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၁၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်း စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan X-Trail ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၀၀၀၀၀၀)နှင့် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ Subaru ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၁၄ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လားရှိုးမြို့ မန်အိုင်ကျေးရွာအနီး၌ ချင်းရွှေဟော်မြို့မှ လားရှိုးမြို့သို့ မောင်းနှင်လာသောယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Ceramic Tile ၃၀၂၄ စတုရန်းမီတာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၅၄၇၆၈၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Hittara Truck တစ်စီးနှင့် Dagon Tawwin Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၇၅၄၇၆၈၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မေ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၆၇၄၅၁၁၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

သတင်းစဉ်

## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မေ ၆ ရက်မှ ၁၂ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၃၉ ဒသမ ၉၃၂၀ တန်၊ သစ်မာ ၁၁၈ ဒသမ ၈၇၂၈ တန်၊ အခြား ၂၆ ဒသမ ၈၁၄၈ တန် စုစုပေါင်း ၁၈၅ ဒသမ ၆၁၉၆ တန်၊ ယာဉ်/ ယန္တရား ၁၈ စီး၊ တရားခံ ၃၃ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

## ဝေါမြို့နယ်၌ ငွေကျပ်သိန်း ၂၄၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၆ သိန်း သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၅

ဝေါမြို့နယ်၌ ငွေကျပ် သိန်း ၂၄၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၆ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၃ ရက်တွင် ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီး၌ မော်လမြိုင်မှ ရန်ကုန်သို့ မောင်းနှင်လာသည့် TOYOTA PROBOX အမျိုးအစား ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါ ခရီးသည် စိုင်းလှဝင်း(ခ) လှဝင်း သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် စိုင်းလှဝင်း (ခ) လှဝင်း (၄၂) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်



စိုင်းလှဝင်း (ခ) လှဝင်းအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၅-၂၀၂၄ ကြာသပတေးနေ့

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော် (ဓဇဂ္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ရောက်လာတော့မည့် ကျောင်းဖွင့်ချိန်
- ၀၉:၁၅ NRC အစီအစဉ် (ရခိုင်)
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ မြို့တော်သာယာရေကြည်မြာ
- ၁၁:၄၀ Next Level
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပျော်လင့်ခြင်းအိပ်မက်' (အပိုင်း-၁၄)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားပွဲ' (အပိုင်း-၃၁)
- ၁၆:၃၅ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန 'အွန်လိုင်းလိမ်လည်မှုပပျောက်ရေးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေး' (စကားဝိုင်း)
- ၁၇:၃၀ Soccer View
- ၁၇:၂၅ လူမှုစီးပွားမြင်ကွင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ နိုင်ငံအကျိုးအတွက် မှန်းမျှော်ရည် ခိုင်မာတိုးတက်စေရမည်(Video Clip)
- ၁၉:၀၀ မြန်မာဇာတ်လမ်းတွဲ 'အခ်ဝ်းနားဆုံးသစ်ပင်' (အပိုင်း-၁၈)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၁)
- ၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ 'အတိုးမပေးတဲ့ နှီးလေး' (အပိုင်း-၁၀)

**mitv**

- 07:01 Evergreen Classic: Zeyatu Sabba Mingalan (Takkatho Lae Lae)
- 07:11 From Bamboo Strip to Sublime Buddha
- 07:34 Ecotourism: Historic Pagodas and Intresting Places in Sagaing and Monywa Tourism Zone
- 07:51 Myanmar-Korea Song (5)
- 08:01 News
- 08:26 Mt.Taung Pu La
- 08:30 Ramayana Classic Talk & Discussion (Episode-2)
- 09:01 Mon Traditional Dishes
- 09:10 Daytamotbarat Sasana Land
- 09:33 The Art of Taxidermy: U Myo Naing
- 09:45 The Golden Triangle
- 10:01 News

**MRTV NRC**

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
ဆံပင်ကျွတ်ခြင်းကိုကာကွယ်ကုနည်း

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
လူငယ်နှင့်လူ့ပတ်ဝန်းကျင် (အပိုင်း-၇)

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
ကယားဘာသာစကားပြောကြရအောင် (အပိုင်း-၉)

**ပအိုဝ်းကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၂၂)

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
လျှာလည်သွားစေမယ့်ခရုသုပ်

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ (တီရစ္ဆာန်အငေါ်အငေါ်)

**ချင်း (လိုင်ဇိုး) (၁၇:၀၀ မှ ၁၈:၀၀)**
တောင်ကြာပန်းများ ပျော်စံရာဇိန်မွှာတောင်

**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
တောင်ယာမျိုးစေ့ချခြင်း

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
ဖြူစင်ရိုးသားတော့ပြာကြီးရွာက ပလေဒိုးတို့ရဲ့ဘဝများ

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
လခြမ်းမြို့မှ ရိုးရာအလှ (အပိုင်း-၁)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၁၅ ကမ္ဘာ့ဝန်းကျင် ဇီဝမျိုးကွဲစုံလင်
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကမ္ဘာ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၁၅ စိမ့်မြေတောများ (အပိုင်း-၃)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ကိုရီးယားနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'တာဝန်နှင့်လူ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (စင်ကာပူနိုင်ငံ)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၂၄)

**MRTV FARMERS / H TV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ နိုင်ငံ့စီးပွားမြင့်မားဖို့စိုက်ပျိုးမွေးကဏ္ဍမြှင့်တင်စို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၀၇:၁၅ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၁၈:၀၀ Thirteen-Lives-2022 (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ Kijukiro (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS / H TV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၅:၄၀ Weekly Soccer Preview
- ၁၇:၀၀ အားကစားသတင်း

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

## သံတွဲမြို့နယ် လင်းသီကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူ ၁၀ ဦး သေဆုံးခဲ့ရကြောင်း တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများ လုံ့ဆော်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မေ ၁၅

ရခိုင်ပြည်နယ် သံတွဲမြို့နယ် လင်းသီကျေးရွာကို မေ ၁၄ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ကလေးငယ်နှစ်ဦး အပါအဝင် ပြည်သူ ၁၀ ဦး သေဆုံးခဲ့ရသည်ဟု တစ်ဖက်သတ်စွပ်စွဲ ရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

**မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေ**

ဖြစ်စဉ်အမှန်မှာ သံတွဲမြို့နယ် ရွှေလေှကျေးရွာအနီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် AA အကြမ်းဖက်သောင်းကျန်းသူများ နှစ်ဖက်ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီးနောက်တွင် AA အကြမ်းဖက်သောင်းကျန်းသူများက သံတွဲမြို့နယ်အတွင်း ပြည်သူများ ကြောက်ရွံ့ထိတ်လန့်လာပြီး တည်ငြိမ်အေးချမ်းမှု မရှိစေရန်နှင့် အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန်အတွက် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများကို ထောက်ထားငဲ့ညှာမှုမရှိဘဲ ပြည်သူများနေထိုင်ရာ မြို့၊ ရွာများအတွင်းသို့




လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့ကာ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် တပ်မတော်အပေါ်အပြစ်ပုံချကာ ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေစကြိုမြို့နယ် ကိုင်းမကြီးကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မေ ၁၅

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကိုင်းမကြီးကျေးရွာကို လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ဝင်ရောက်စီးနင်းပြီး နေအိမ် ကိုးလုံးကို မီးရှို့ဖျက်ဆီးကာ နွားများကို ပစ်သတ်ခဲ့ကြကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် မဟုတ်မမှန်လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

**နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ခြင်းမရှိ**

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ယင်းရက်နေ့တွင် ရေစကြိုမြို့နယ် ကိုင်းမကြီးကျေးရွာနှင့် အနီးဝန်းကျင်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် သတင်းအမှန်များ ရေးသားထုတ်လွှင့်ခြင်းမရှိဘဲ သတင်းတု၊ သတင်းအမှားများဖြင့်သာ ပြည်သူများကို သတင်းအဆိပ်ခတ်လျက်ရှိပြီး နိုင်ငံတွင်းတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမည့် တစ်ဖက်သတ်စွပ်စွဲရေးသားချက်များကိုသာ ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






## တာချီလိတ်မြို့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

တာချီလိတ် မေ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို မေ ၁၃ ရက်က မိုင်းဟဲကျေးရွာအုပ်စု ကျောက်လှိုင်ဂူကျေးရွာတွင် ပြုလုပ်သည်။

အဆိုပါ ပန်းခင်းစီမံချက်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သက်နိုင် ကြီးကြပ်မှုဖြင့် လဝကမှူး ဦးအောင်လှိုင်ဌေး ဦးဆောင်သော ဝန်ထမ်းများက ပြည်သူများအား လိုအပ်သည့်အချက်အလက်များ စိစစ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် အသက် ၁၀ နှစ်ပြည့်ပြီးသူ၊ မှတ်ပုံတင်(လဲလှယ်)သူ စုစုပေါင်း ၁၁၁ ဦးအား သုံးရက်ကြာ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၁၄ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Nay Lin Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဝွေးကြီးကုန်းကျေးရွာနေ နေလင်းအောင်အား နံနက် ၉ နာရီတွင်လည်းကောင်း၊ “Phyu Pyar” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာနေ ဖြူပြာအား ညနေ ၆ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၁၅

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**




## ညောင်ရွှေမြို့နယ်၌ WFP က ထောက်ပံ့သည့် ဆန်အိတ် ၉၀၀ ကို စစ်ကောင်စီတပ်က သိမ်းယူကြောင်းလုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် မေ ၁၅

လွတ်လပ်တဲ့ အာရှအသံ (RFA) ၏ ဝက်ဘ်ဆိုက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် စံကားရွာ၌ ခိုလှုံနေကြသည့် စစ်ဘေးဒုက္ခသည်များအတွက် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)က ပို့ဆောင်ပေးသော ဆန်အိတ် ၉၀၀ ကို စစ်ကောင်စီတပ်က မေ ၅ ရက်တွင် သိမ်းယူထားပြီး မေ ၁၅ ရက်အထိ ပြန်လည်ထုတ်ပေးခြင်း မရှိသေးကြောင်း ဒေသခံများက ပြောကြားကြောင်းမဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် စံကားရွာ၌ ခိုလှုံနေကြသည့် စစ်ဘေးဒုက္ခသည်များအတွက် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ ပို့ဆောင်ပေးသော ဆန်အိတ် ၉၀၀ ကို သိမ်းဆည်းသည့်သတင်းမှာ တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့် သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန် လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပခုက္ကူဈေးကွက်၌ အစေ့ထုတ်ပြောင်းများ အရောင်းအဝယ်ဖြစ်



ပခုက္ကူ မေ ၁၅

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ အစေ့ထုတ်ပြောင်း (CPပြောင်း) စိုက်ပျိုးရာ ဒေသများဖြစ်သော နန်းတော်ရပ်၊ မြင်းဝန်း၊ ငကျော်၊ ဘဲကြီး၊ အောင်သာ၊ ညောင်ပင်အုပ်စု ကျေးရွာများမှ အစေ့ထုတ်ပြောင်းများ အများအပြား စိုက်ပျိုးလျက်ရှိကြောင်း၊ ပခုက္ကူဈေးကွက်သို့ ပခုက္ကူဒေသထွက်သာမက အခြားဒေသများမှလည်း အစေ့ထုတ်ပြောင်းများ ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ဧပြီလ နောက်ဆုံးပတ်တွင် အစေ့ထုတ်ပြောင်း တစ်တင်းလျှင် ငွေကျပ် ၁၆၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး မေလ ပထမပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများအနေဖြင့် အစေ့ထုတ်ပြောင်း တစ်တင်းလျှင် ငွေကျပ် ၁၆၇၀၀-၁၇၀၀၀ ဖြင့် တစ်ရက်လျှင် အိတ် ၅၀ မှ ၂၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ မေလ ပထမပတ်တွင် အစေ့ထုတ်ပြောင်း (CP ပြောင်း) များ ပြည်ပမှ အဝယ်လိုက်၍ ဈေးကောင်းရရှိလျက်ရှိကြောင်း သိရသည်။

## ကျောက်ဆည်ခရိုင်၌ နှမ်း ၈၉၆၃၅ ဧက စိုက်ပျိုးထားရှိ



ကျောက်ဆည် မေ ၁၅

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်ခရိုင်၌ နွေနှမ်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျောက်ဆည်မြို့နယ်၌ ၃၂၂၄၆ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ဧက၂၂၉၆၀၊ မြစ်သားမြို့နယ်၌ ၃၄၄၂၉ ဧက စုစုပေါင်း ၈၉၆၃၅ ဧက စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

**အရောင်းအဝယ်ဖြစ်လျက်ရှိ**

နွေနှမ်းစိုက်ပျိုးရာတွင် မျိုးအနေဖြင့် နှမ်းဖြူ၊ နှမ်းညို၊ နှမ်းနက်မျိုးများကို စိုက်ပျိုးကြပြီး စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ငွေကျပ် ၃၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခုအချိန်တွင် မိုးရွာသွန်းမှု ကောင်းသောကြောင့် နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး လက်ရှိအချိန်တွင် နှမ်းအသစ်များ ထွက်ပေါ်ခြင်းမရှိသေးကြောင်း၊ ယခုအချိန်တွင် ဈေးကွက်၌ ယခင်နှစ်ကထွက်ပေါ်ခဲ့သည့် နှမ်းအဟောင်း ဈေးနှုန်းများမှာ နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် ၁၃၈၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ငွေကျပ် ၇၅၀၀၀၊ နှမ်းညိုတစ်တင်းလျှင် ငွေကျပ် ၉၇၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

## ခရမ်းသီးစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ



ကျောက်ဆည် မေ ၁၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်သူများသည် ရာသီအလိုက် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ကုန်စိမ်းသီးနှံဖြစ်သော ခရမ်းသီးကိုလည်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးမှုအပြင် စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း၊ ခရမ်းသီးကို ရာသီမရွေး စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးမှုအနေဖြင့် ခရမ်းမျိုးစေ့ကိုပျိုးထောင်ပြီး တစ်လခွဲသားအရွယ်တွင် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် အသီးများ စတင်ခူးဆွတ်နိုင်ပြီး လေးရက်ခြားတစ်ကြိမ် ခူးဆွတ်ရကြောင်း သိရသည်။

အထွက်နှုန်းအနေဖြင့် တစ်ကြိမ်ခူးဆွတ်လျှင် ပိဿာချိန် ၃၀၀-၄၀၀ အထိ ထွက်ရှိကြောင်း၊ တစ်ဧကကုန်ကျစရိတ်အနေဖြင့် ပျိုးထောင်ခြင်း၊ မြေပြင်ခြင်း၊ သွင်းအားစု၊ စိုက်ပျိုးစရိတ်၊ လုပ်သားခ အပါအဝင် စုစုပေါင်း ငွေကျပ် ၇၅၀၀၀၀-၈၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ခရမ်းသီးသည် ကုန်စိမ်းသီးနှံဖြစ်သည့်အတွက် တစ်ပတ်နှင့် တစ်ပတ် ဈေးနှုန်းမတူညီကြောင်း၊ ကုန်စိမ်းပွဲစားများက စိုက်ခင်းအထိ လာရောက်ဝယ်ယူသည့်အတွက် သယ်ယူစရိတ်သက်သာကြောင်း၊ ခရမ်းသီးကို ပွဲစားများမှတစ်ဆင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော် ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၅၅၀၀၀၀ ခန့်ရရှိရာ တောင်သူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်ရရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

## မကွေးနှင့် ရေနံချောင်းဈေးကွက်တို့၌ ကြက်သွန်နီအရောင်းအဝယ်ဖြစ်



မကွေး မေ ၁၅

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ကြက်သွန်နီစိုက်ပျိုးရာဒေသများဖြစ်သော ရေနံချောင်း၊ ပခုက္ကူ၊ မြစ်သားစသည့်မြို့များမှ ကြက်သွန်နီများ မကွေးဈေးကွက်အတွင်း ဝင်ရောက်မှုရှိပြီး ဈေးနှုန်းကျဆင်း၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ တစ်ရက်လျှင် ကြက်သွန်နီပိဿာချိန် ၁၀၀၀ ခန့်နှင့် တစ်ပတ်လျှင် ကြက်သွန်နီတန်ချိန် ကိုးတန်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲရုံများမှတစ်ဆင့် မင်းဘူး၊ သရက်၊ ကံမ၊ နတ်မောက်နှင့် ငဖဲမြို့များမှ ဝယ်ယူကြကြောင်း သိရသည်။

**အရောင်းအဝယ်ဖြစ်လျက်ရှိ**

ရေနံချောင်း ဈေးကွက်တွင်လည်း ဒေသထွက်ကုန်ဖြစ်သော ကြက်သွန်နီများကို ဆိပ်ဖြူ၊ ပခုက္ကူ၊ တောင်တွင်းကြီး မြို့များမှ ဝင်ရောက်၍ ယခင်အပတ်အတိုင်း ဈေးနှုန်း ပြောင်းလဲမှုမရှိဘဲ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲရုံများမှတစ်ဆင့် ရန်ကုန်၊ ပြည်၊ အောင်လံမြို့များသို့ တင်ပို့ရောင်းချကြပြီး တစ်ရက်လျှင် ကြက်သွန်နီပိဿာချိန် ၁၀၀၀၀ ခန့်ဖြင့် တစ်ပတ်လျှင် တန်ချိန် ၉၇ တန်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ပွဲရုံများမှသိရသည်။

သတင်းရင်းမြစ် – စီးပွား/ကူးသန်း

### ၁၅- ၅ - ၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညို့မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၆၀၀၀ | - | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၁၀၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၇၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၁၅၀ | | ၇၅၀၀ | ၁၆၅၀၀ | ၇၂၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၅၀၀ | ၁၄၀၀ | ၁၀၅၀၀ | ၈၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |
| ၄ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၆၉၅၀ | ၁၆၅၀၀ | ၅၈၀၀ | ၁၉၀၀၀ | ၃၀၀၀ | ၉၅၀၀ | ၁၃၀၀၀ | ၆၅၀၀ | ၇၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၅၀၀ | ၅၃၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၃၈၀၀ | | ၅၈၀၀ | ၁၅၅၀၀ | ၅၉၀၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၆၈၀၀ | ၁၂၀၀၀ | ၈၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၂၇၀၀ | ၅၃၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၆ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၇၀၀ | ၉၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၅၄၀၀ | ၁၃၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၄၀၀၀ | | ၆၉၀၀ | ၁၇၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၈ | မြိတ် | ၄၀၀၀ | | ၆၁၀၀ | ၁၆၅၀၀ | ၆၂၀၀ | ၁၃၀၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၉၅၀၀ | ၉၂၀၀ | ၁၀၀၀ | ၈၈၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၅၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၃၅၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၉ | ရန်ကုန် | ၄၀၀၀ | | ၅၈၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၁၀၀၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၈၀၀ | ၅၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၈၀၀ | | ၅၇၅၀ | ၁၆၀၀၀ | ၅၆၅၀ | ၅၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၃၀၀ | ၉၀၀၀ | ၆၅၀၀ | ၇၀၀၀ | ၂၄၀၀ | ၅၅၀၀ | ၁၃၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၁ | ဟားခါး | ၇၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | ၃၁၅၀ | ၆၄၀၀ | ၁၄၀၀၀ | ၆၃၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၇၂၀၀ | ၇၂၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၃ | မန္တလေး | ၄၅၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၅၀ | ၉၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၄၀၀ | ၄၈၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၂၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၉၅၀၀ | ၇၅၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၂၂၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၅ | မကွေး | ၃၈၅၀ | | ၇၅၅၀ | ၁၅၀၀၀ | ၆၀၀၀ | ၉၅၀၀ | ၂၆၀၀ | ၉၅၀၀ | ၁၀၅၀၀ | ၉၀၀၀ | ၆၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၇၀၀ | ၂၈၀၀ | ၅၀၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပြည် | ၃၄၀၀ | | ၆၀၀၀ | ၁၅၀၀၀ | ၅၇၀၀ | ၁၁၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၇ | ပဲခူး | ၃၂၀၀ | | ၅၅၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၇၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၉၅၀၀ | ၄၅၀ | ၇၄၀၀ | ၆၀၀၀ | ၃၇၀၀ | ၂၂၀၀ | ၅၀၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၈၀၀ | | ၆၈၀၀ | ၁၄၈၀၀ | ၅၅၅၀ | ၁၂၆၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၂၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၅၄၀၀ | ၂၁၀၀ | ၄၈၀၀ | ၁၃၀၀၀ | ၁၆၅၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၁၉ | နေပြည်တော် | ၃၈၀၀ | | ၆၈၀၀ | ၁၄၈၀၀ | ၅၅၅၀ | ၁၂၈၀၀ | ၂၄၀၀ | ၁၁၅၀၀ | ၁၂၆၀၀ | ၇၂၀၀ | ၆၇၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၅၆၀၀ | ၂၂၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၆၈၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၀ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၉၅၀၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၉၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | | ၁၆၀၀၀ |

# ဘောလုံးအားကစားဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်ရန် မြန်မာနှင့်ဆော်ဒီအာရေဗျ ဘောလုံးအဖွဲ့ချုပ်တို့ MOU လက်မှတ်ရေးထိုး

ရန်ကုန် မေ ၁၅

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်(MFF)နှင့် ဆော်ဒီအာရေဗျ ဘောလုံးအဖွဲ့ချုပ် (SAFF)တို့သည် ဘောလုံးတိုးတက်ရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ (MEMORANDUM OF UNDERSTAND-ING-MoU) လက်မှတ်ရေးထိုးခြင်းအား မေ ၁၅ ရက် ညနေပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Bangkok Marriott Marquis Queen's Park ဟိုတယ်၌ ပြုလုပ်သည်။

**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဆော်ဒီအာရေဗျဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ Yasser Al Misehal၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (အကြီးတန်း) ဦးပြည့်ဖြိုးတေဇ၊ ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေ၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်း၊ ဆော်ဒီအာရေဗျ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Ibrahim A lkassimi၊ တွဲဖက်အထွေထွေအတွင်းရေးမှူး Mr. Majed Al Sahibi၊ အကြီးတန်း အကြံပေးအရာရှိ Mr. Hicham El Amrani တို့ တက်ရောက်ခဲ့သည်။

**မြန်မာ့ဘောလုံး အားကစား တိုးတက်ရေးဆောင်ရွက်မည်**

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဆော်ဒီအာရေဗျဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ Yasser Al Misehal တို့ သဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီး MoU ရေးထိုးခြင်းကြောင့် လက်ရွေးစင်အသင်းများ စခန်းဝင် လေ့ကျင့်ရေးပြုလုပ်ခြင်း၊ လေ့ကျင့်ရေးနည်းစနစ်များနှင့် ဘောလုံးနည်းဗျူဟာများ အပြန်အလှန် ဖလှယ်ခြင်း၊ လူငယ်လက်ရွေးစင်အသင်းများ၊ အမျိုးသမီးနှင့် ဖူဆယ်လက်ရွေးစင်အသင်းများ၊ ကလပ်အသင်းများအကြား Football Calendar ချိန်ဆ၍ ခြေစမ်းပွဲများ စီစဉ်ခြင်း၊ လိဂ်ပြိုင်ပွဲများ စီမံခန့်ခွဲမှုများနှင့် ကစားသမားများ ဖွံ့ဖြိုးတိုးတက်ရေးနည်းစနစ်များ မျှဝေခြင်း၊ သင်တန်းများစီစဉ်ခြင်း အစရှိသည့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် မြန်မာ့ဘောလုံးအားကစားတိုးတက်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ MoU ရေးထိုးခြင်းအပြီးတွင် အာရှဘောလုံးအဖွဲ့ချုပ် AFC Senior Vice President ဦးဇော်ဇော်သည် အာရှဘောလုံးအဖွဲ့ချုပ်၏ အလုပ်အမှုဆောင်အစည်းအဝေး ဆက်လက်တက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မေ ၁၆ ရက်တွင် ကျင်းပမည့် (၃၄)ကြိမ်မြောက် အာရှဘောလုံးအဖွဲ့ချုပ် ကွန်ဂရက်၊ မေ ၁၇ ရက်တွင် ကျင်းပမည့် (၇၄)ကြိမ်မြောက် ဖီဖာကွန်ဂရက်တို့ကို ဆက်လက်တက်ရောက်မည်ဖြစ်သည်။



သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF

## မိုးကြိုကာလအတွင်း ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ် ကြိုတင်သတိပေးနှိုးဆော်ချက်

နေပြည်တော် မေ ၁၅

မြန်မာနိုင်ငံအရပ်ရပ်တွင် မိုးကြိုကာလဖြစ်သည့် မေလလယ်မှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီနှင့် အနောက်တောင်မုတ်သုံလေ ဝင်ရောက်စဉ်ကာလအတွင်း လေထုမငြိမ်မသက်မှုများကြောင့်လည်းကောင်း၊ နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းခြင်းကြောင့်လည်းကောင်း၊ လေပြင်းများ တိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိုးကြိုကာလဖြစ်သည့် မေလလယ်မှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီနှင့် အနောက်တောင်မုတ်သုံလေ ဝင်ရောက်စဉ်ကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

**အားကစား မြင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**


**Bisu ဆောက်လုပ်ရေးသုံးကိရိယာမျိုးစုံ ကုန်အမှတ်တံဆိပ်အား Myanmar Shining Star Distribution Co.,Ltd.. နာမည်ဖြင့် မိမိတစ်ဦးတည်း ဖြန့်ဖြူးရောင်းချနေသူဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း**

**Bisu ဆောက်လုပ်ရေးသုံးကိရိယာမျိုးစုံ** ကုန်အမှတ်တံဆိပ်အမှတ်အသားကို **Myanmar Shining Star Distribution Co., Ltd.** မှ တစ်ဦးတည်း မူပိုင်အမှတ်အသားအဖြစ် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး မှတ်ပုံတင်စာချုပ်အမှတ်- (၁၂၃၂၇၈၂၇၅) ဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဘီစွာနပ် [၁၃/လရန(နိုင်)၁၂၃၁၄၇]က မှတ်ပုံတင်ထားခဲ့ပြီးဖြစ်ပါသည်။




အထက်တွင် ကပ်နှိပ်ဖော်ပြထားသော **Bisu ဆောက်လုပ်ရေးသုံးကိရိယာမျိုးစုံ** ကုန်အမှတ်တံဆိပ်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးဘီစွာနပ်က မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူး၍ ကောင်းသောဂုဏ်သတင်းဖြင့်ရောင်းချလျက်ရှိပါသည်။

အထက် ကုန်အမှတ်တံဆိပ်ပါ **Bisu ဆောက်လုပ်ရေးသုံးကိရိယာမျိုးစုံ** ကုန်အမှတ်တံဆိပ်ကို ကျွန်ုပ်တို့မသိရှိဘဲ နည်းအမျိုးမျိုးဖြင့် ဖြန့်ဖြူးရောင်းချ သိုလှောင်ထားခြင်းမပြုလုပ်ရန်နှင့် ကုန်အမှတ်တံဆိပ်အမည်နှင့်ပတ်သက်၍ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ သံတူကြောင်းကွဲ၊ ဆင်တူယိုးမှား တုပသုံးစွဲ၍ ရောင်းချခြင်းမပြုလုပ်ရန်နှင့် တုပသုံးစွဲနေသည် ရောင်းချနေသည်ကို တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**အယ်နီမိုး အထက်တန်းရှေ့နေ (စဉ် - ၅၁၃၃၃)**
**အမှတ် - ၄၄၉(က)၊ ရတနာသီရိလမ်း၊ ၁၀/၃၃ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၉၆၃၆၃၆၀၇၃**

**အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၄၊ မြေကွက်အမှတ်(၅၅၇)၊ ဧရိယာ(၀.၀၅၇)ဧကရှိ နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြောက် မြို့နယ်၊ (၃၄)ရပ်ကွက်၊ သရဖီ(၅)လမ်း၊ အမှတ်(၅၅၇)ခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဖခင် ဦးမောင်မောင်စော [၁၂/လမန(နိုင်)၀၁၈၆၆၁]မှ သမီးများဖြစ်သော ဒေါ်စောချိုဦး [၁၂/ဒဂမ(နိုင်)၀၂၀၈၇၄]+၂ထံသို့ အဖိုးစားနားရယူခြင်းမရှိဘဲ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းနှင့်စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာအကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလိမ္မော် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၄၃၁၄)**
**အမှတ်(၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၆၉၂၂၉၉၅၆၃၊ ၀၉-၄၂၈၆၃၀၇၀၄**

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊အမှတ်(၃၇/က)၊ ၂-ခန်းတွဲRC(၈)ထပ်ကွန်ဒိုအဆောက်အဦမှ ပဉ္စမထပ်၊(၆-လွှာ)၊ အခန်းအမှတ်(၆၀၁)၊ တိုက်မျက်နှာမူ(လက်ဝဲဘက်အခန်း)၊ ဧရိယာ(၁၆၈၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မေသန္တာအောင်[၁၂/သဃက(နိုင်)၀၇၁၁၉၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်သူရ[၇/သဝတ(နိုင်)၀၈၈၇၈၉]၊ ဒေါ်မြတ်သန္တာဝင်း[၁၂/ကမတ(နိုင်)၀၆၀၇၃၉]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးကျော်သူရနှင့် ဒေါ်မြတ်သန္တာဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-450023651, 09-793568375**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၁)လမ်း၊ အိမ်အမှတ်(၄၇)၊ ထပ်ခိုး(မှန်ခန်း)ခြေရင်းခန်းကို တရားဝင်လက်ရှိထားပိုင်ဆိုင်သူဖြစ်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ခင် [၁၂/မရက (နိုင်) ၁၀၃၀၁၉] ပိုင်ရှင်ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နန်းကြည်မေ (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၂၁)**
**အမှတ်(၁၁၂)၊ မြေညီ၊ ပတ္တမြားလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။**
**ဖုန်း- ၀၉-၄၄၀၇၁၉၀၉၇**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အောင်ချမ်းသာတိုးချဲ့(အေးသာယာရပ်ကွက်)၊ ဗဟို(၃၆)လမ်း၊ အကွက်အမှတ်(K-60)ဟုခေါ်တွင်သော အကျယ်အဝန်း(အလျား ၄၀ပေxအနံ ၆၀ပေ)အကျယ်ရှိ ဦးစိန်မြင့်နှင့် ဦးတင်ထွန်း အမည်ပေါက်စလစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားသော ဒေါ်မြတ်မွန်အေး [၁၂/ကတန(နိုင်)၀၈၃၃၈၁]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်နူးနူးအောင် [၁/မကန(နိုင်)၁၀၆၃၇၆]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါမြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါပြီး (၁၄)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက်အရောင်းအဝယ်အား တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**

**ဦးကျော်ဇေယျ (LL.B) (စဉ်-၁၃၁၈၁/၁၇)**
**ဒေါ်သန္တာဆွေ (LL.M) (စဉ်-၁၀၄၀၇/၁၅)**
**ဒေါ်နော်ဆည်းဇာ(LL.B) (စဉ်-၁၂၆၃၇/၁၇)**
**ဒေါ်မြင့်မြင့်သန်း (LL.M) (စဉ်-၁၃၂၄၀/၁၇)**
**ဒေါ်ဝေမာနွယ် (LL.B) (စဉ်-၁၄၇၁၁/၁၈)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၉)၊ သိပ္ပံလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း - ၀၉-၄၂၂၂၈၁၁၁၈၊ ၀၉-၄၃၁၈၈၉၈၈**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ဗိုလ်ချုပ်နယ်မြေ (၁၂)၊ ဘန့်ဘွေးပင်လမ်း၊ အမှတ်(၁၄၆) ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၂၅ပေ x အနံ ၆၀ ပေ) အကျယ်ရှိ ဦးမြင့်ဦး အမည်ပေါက် လန/၃၉ မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရရှိပိုင်ဆိုင်ထားကြသော ဒေါ်ဝါဝါမြင့် [၁၂/သလန(နိုင်)၀၇၁၄၀၉]နှင့် ဒေါ်လှဝင်း [၁၂/သလန(နိုင်)၀၄၀၄၅၉]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ညိုမာဟန် [၁၂/သကတ(နိုင်)၁၅၀၄၀၄] မှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါ အိမ်ခြံမြေအရောင်းအဝယ်အား ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါပြီး (၇)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ အိမ်ခြံမြေအရောင်းအဝယ်အား တရားဝင်ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**

**ဦးကျော်ဇေယျ (LL.B) (စဉ်- ၁၃၁၈၁/၁၇)**
**ဒေါ်သန္တာဆွေ (LL.M) (စဉ်- ၁၀၄၀၇/၁၅)**
**ဒေါ်နော်ဆည်းဇာ(LL.B) (စဉ်- ၁၂၆၃၇/၁၇)**
**ဒေါ်မြင့်မြင့်သန်း (LL.M) (စဉ်- ၁၃၂၄၀/၁၇)**
**ဒေါ်ဝေမာနွယ် (LL.B) (စဉ်- ၁၄၇၁၁/၁၈)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၉)၊ သိပ္ပံလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း- ၀၉-၄၂၂၂၈၁၁၁၈၊ ၀၉-၄၃၁၈၈၉၈၈**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်**

ရန်ကုန်တိုင်းဒေသကြီး ၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၅)၊ ဝါရှောင်လမ်း၊ မြေကွက်အမှတ် (၂၃၈/ခ)၊ မြေအကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဒေါ်နုနုသိန်း [၁၂/သဃက(နိုင်) ၀၁၄၄၈၅]** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၁၄၀၆)**
**ဒေါ်စုစုလှိုင်(LL.B) အထက်တန်းရှေ့နေ (စဉ်- ၅၅၅၆၃)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေကွက်တိုင်းရပ်ကွက်အမှတ်(၃၅)၊ လူနေရပ်ကွက်အမှတ်(ည/၁၁)၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ်(၁၀၃၆/ခ)၊ အကျယ်အဝန်း (၂၀x၆၀) ပေရှိ ဦးညီညီထွေးအမည်ပေါက် ပါမစ်မြေကွက်ကြီးနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦ အပါအဝင် ရေမီးစုံအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးအောင်မြင့် [၁၂/လမန(နိုင်)၀၂၉၉၅၈] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ခိုင်လတ် [၁၂/လမန(နိုင်)၁၂၅၃၀၂]မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ခိုင်လတ်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၅၀၅၉၈၆၂၄၊ ၀၉–၂၅၃၅၆၀၀၇၀**

## ဒေါ်လှကြည် [၁၂/ပဘတ(နိုင်)၀၂၃၄၀၂] နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်လှကြည်နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

အမွေဆိုင်တစ်ဦးဖြစ်သူ ဒေါ်စန္ဒာဝင်း[၉/မမန(နိုင်)၀၂၂၉၄၈]၏ ဘကြီးတော်စပ်သူ ဦးဇင်သောင်း ကွယ်လွန်သည့် (၅–၆–၂၀၀၅)ကာလနောက်ပိုင်းမှ အစပြု၍ ၎င်း၏ဇနီးဖြစ်သူမှ ဦးဇင်သောင်းပိုင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို အစ္စလာမ်တရားတော်နှင့်အညီ ပြုမူဆောင်ရွက်ခြင်းမရှိဘဲ အစ္စလာမ် ဓမ္မသတ်ခုံရုံးချုပ်၏ ဆုံးဖြတ်ချက်များကို ဆန့်ကျင်ကာ မိမိတစ်ဦးတည်းပိုင်အဖြစ် ကြေညာခဲ့ပါသည်။

အဒေါ်တော်စပ်သူဒေါ်လှကြည်အား ဆက်သွယ်၍မရကြောင်း ပြောကြားချက်အရ နေ့စဉ်ထုတ်သတင်းစာမှ ထည့်သွင်းကြေညာရခြင်းဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ ပြောကြားချက်အရ အောက်တွင် ဖော်ပြထားသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများသည် အမွေဆိုင်ပစ္စည်းများဖြစ်သဖြင့် ရောင်းချရန် စရန်ငွေတစ်စိတ်တစ်ဒေသကို အမွေဆိုင်တစ်ဦးဖြစ်သူဒေါ်စန္ဒာဝင်း [၉/မမန(နိုင်)၀၂၂၉၄၈]မှရယူထားပြီးဖြစ်ပါသည်။ စရန်ငွေရယူထားသည့်ပစ္စည်းစာရင်းမှာ–

(၁) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်–၃၁(သမိုင်း)၊ မြေကွက်အမှတ်–၂ည၄ ဧရိယာ ၁.၀၀ဧက (မြေပိုင်မြေ)

(၂) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်–၃၁(သမိုင်း)၊ မြေကွက်အမှတ်–၂ည၄/၉ ဧရိယာ ၀.၂၃၀ ဧက (မြေပိုင်မြေ)

(၃) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်–၃၁(သမိုင်း)၊ မြေကွက်အမှတ်–၂ည၄/၉ ဧရိယာ ၀.၂၂၅ ဧက (မြေပိုင်မြေ)

(၄) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်–၃၁(သမိုင်း)၊ မြေကွက်အမှတ်–၂ည၄/၉ ဧရိယာ ၀.၆၃၀ ဧက (မြေပိုင်မြေ)

(၅) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်–၃၁(သမိုင်း)၊ မြေကွက်အမှတ်–၂ည၄/၉ ဧရိယာ ၀.၈၅၈ ဧက (မြေပိုင်မြေ)

အထက်ဖော်ပြပါ မြေပိုင်မြေ ၅ကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံး၏ ပိုင်ရေးပိုင်ခွင့်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤသတင်းစာကြေညာပါသည့်နေ့မှ(၁၅)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းနှင့် တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်လှကြည်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သွဲ့သွဲ့လေး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်– ၁၂၈၇၅/၉–၄–၁၉၈၆)**
**၁၇/၂၁၊ ၃၅လမ်း(အောက်)ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၉၆၆၈၆၈၃၉၈၊ ၀၉ –၇၅၁၆၄၉၆၃၈**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ စီမံကိန်းမန်နေဂျာရုံး(၁)တောင်ပိုင်း(ရန်ကုန်) နှင့် {ကမာနတ်၊ ရတနာပုံ၊ အသုတ်၊ သပြေဝ(မိတ္ထီလာ)၊ ဥသျှစ်ပင်၊ ပျဉ်းမနား၊ အောင်ပင်လယ်၊ လှိုင်သာယာ၊ ဝါးတရာ၊ မြင်းခြံ} စသည့် ပင်မ ဓာတ်အားခွဲရုံ (၁၀)ရုံတို့ရှိ ဝန်ထမ်းအိမ်ရာအဟောင်းများ၊ စက်ပစ္စည်းအဟောင်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ပရိဘောဂများ၊ ဘက်ထရီများနှင့် တာယာအဟောင်းများ (1 Lot)ကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ လေလံပုံစံများကို အောက်ပါအတိုင်း ရောင်းချမည်ဖြစ်ပါသည်–

(က) လေလံပုံစံရောင်းချမည့်ရက် – ၁၆ – ၅ – ၂၀၂၄ ရက်မှ ၃၀ – ၅ – ၂၀၂၄ ရက်အထိ (ရုံးချိန်အတွင်း)

( ခ ) လေလံပုံစံရောင်းချမည့်နေရာ – ရုံးအမှတ် (၂၇)၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန

( ဂ ) လေလံပိတ်မည့်ရက်/အချိန် – ၃၀ – ၅ – ၂၀၂၄ ရက် ( ၁၀ : ၀၀ )နာရီ

(ဃ) လေလံဖွင့်မည့်ရက်/အချိန် – ၃၀ – ၅ – ၂၀၂၄ ရက် ( ၁၂ : ၀၀ )နာရီ

၂။ လေလံပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော် ဖုန်း–၀၆၇–၃၄၁၀၂၀၉ ၊ ၀၆၇–၃၄၁၀၂၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးတင်ဒါကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန ၊ ရုံးအမှတ်(၂၇) ၊ နေပြည်တော်**

## ဖခင်အမည်မှန်

ပူတာအိုမြို့၊ ကောင်ကထောင်ရပ်ကွက်၊ နယ်မြေ(၆)နေ မမေလွန်းဇီ၊ မမေလီဆန်းနှင့် မမေဆန်းဇီတို့၏ဖခင် အမည်မှန်မှာ ဦးမီချယ်ဆင်ဘရား [၁/ပတအ(နိုင်)၀၅၂၀၉၂] ဖြစ်ပါသည်။

## မိခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၄)၊ Grade–5 အောင်မှ မမိုးစံပယ်နှင့် Grade–2 အောင်မှ မောင်ချစ်ကိုကိုတို့၏ မိခင်အမည်မှန်မှာ ဒေါ်မေဆွိ[၅/ဆလက(နိုင်)၁၃၃၄၂၃]ဖြစ်ပါသည်။

## မိခင်အမည်မှန်

ဝိုင်းမော်မြို့နယ်၊ အထက၊ အောင်မြေ(၁) ကျောင်း၊ Grade–5 အောင်မှ မလာမီးနှင့် Grade–3 အောင်မှ မလာလေးမီးတို့၏ မိခင်အမည်မှန်မှာ ဒေါ်ဟွာဟာနာ [၁/ဝမန(နိုင်)၀၉၇၆၉၈]ဖြစ်ပါသည်။

**စာအုပ်**
**စာပေ**
**လူ့မိတ်ဆွေ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ သီရိရတနာလက်ကားဈေး၊ ရုံအမှတ်(G)၊ ဆိုင်ခန်းအမှတ်(၁၁)၊ ဆိုင်ခန်းအမည်ပေါက် **ဦးထွန်းဝင်း [၁၂/လမတ (နိုင်) ၀၂၉၄၈၃]**ထံမှ **ဒေါ်ခင်အုံးကြင်[၉/မထလ(နိုင်)၂၁၆၇၅၁]**က ဝယ်ယူထားပြီးဖြစ်ရာ **ဒေါ်ခင်အုံးကြင်** အမည်သို့ဆိုင်ခန်းအမည်ပြောင်း လျှောက်ထားမှုအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးတာဝန်ခံ**
**သီရိရတနာလက်ကားဈေး**
**ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ သီရိရတနာလက်ကားဈေး၊ ရုံအမှတ်(I)၊ ဆိုင်ခန်းအမှတ်(၄၂)၊ ဆိုင်ခန်းအမည်ပေါက် **ဦးစိုင်းကော်ခန်း [၁၃/နမတ (နိုင်)၀၄၂၅၃၀]**ထံမှ **ဒေါ်နှင်းစမ်း[၁၃/ဟပတ(နိုင်)၀၁၂၃၈၀]**က ဝယ်ယူထားပြီးဖြစ်ရာ **ဒေါ်နှင်းစမ်း**အမည်သို့ ဆိုင်ခန်းအမည်ပြောင်း လျှောက်ထားမှုအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးတာဝန်ခံ**
**သီရိရတနာလက်ကားဈေး**
**ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန မှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်–

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 32(T)/DPTSC(PSD)/2024–2025 | 12kV VCB Panel များနှင့် 66 kV Termination Kit များ ဝယ်ယူရန်။ |
| ခ | 33(T)/DPTSC(MP)/2024–2025 | လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနတွင် အသုံးပြုရန် Four Wheel Tractor(95 HP), Four Wheel Tractor (57 HP) နှင့် (5)Tons Forklift များ ဝယ်ယူရန်။ |
| ဂ | 34(T)/DPTSC(PTP)/2024–2025 | ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းတည်ဆောက်ခြင်း လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်။ |
| ဃ | 35(T)/DPTSC(PTP)/2024–2025 | ၆၆ ကေဗွီ မော်လမြိုင်–မော်လမြိုင်လေဆိပ် ဓာတ်အားလိုင်း (၂၀)မိုင်အတွက် လိုအပ်သော ကွန်ကရိ ကျောက်တိုင်များဝယ်ယူရန်။ |
| င | 36(T)/DPTSC(PSD)/2024–2025 | ၁၃၂ ကေဗွီ ကင်းတား–အင်းကုန်းဓာတ်အားလိုင်း ACSR Conductor ကြိုးအား ACCC Conductor ကြိုးဖြင့် Dead Line စနစ်ဖြင့် အစားထိုးလဲလှယ်ခြင်း (Turnkey) လုပ်ငန်းဆောင်ရွက်ရန်။ |

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၃၀–၅–၂၀၂၄) ရက် (၁၄:၀၀)နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web – Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း–၀၆၇– ၃၄၁၀၂၀၉၊ ၀၆၇– ၃၄၁၀၂၈၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၆)၊ ကုလားစုကွက်၊ ဦးပိုင်အမှတ်(၂၅)၊ ဧရိယာ(၀. ၁၁၉)ဧကရှိမြေနှင့် မြေပေါ်ရှိ (၂)ထပ်အိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ယခုလက်ရှိပိုင်ရှင် ဒေါ်မာလာ(ဘ)ဦးပွား [၁၂/တမန(နိုင်)၀၀၃၂၀၄]သည် ယခုရောင်းချသောအိမ်နှင့်ခြံမြေကွက်အား ၎င်းတစ်ဦးတည်းသာ ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး၊ အထက်ပါအိမ်နှင့်ခြံမြေကွက်အား ရောင်းချရန်ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်နှင့်ခြံမြေကွက်နှင့်ပတ်သက်၍ တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူဖြစ်ပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်တင် (H.GP, LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၃၂၉၉)**
**အမှတ်–၁၅၊ နံ့သာကုန်း(၂)လမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 056–21331, 09–429574202**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ အလံပြဘုရားလမ်း၊ အမှတ်(၃၇)၊ လပြည့်ဝန်းပလာဇာ၊ (၁၀) လွှာတွင် ရုံးတည်ဖွင့်လှစ်ထားသော KDDI Myanmar Co.,Ltd ကုမ္ပဏီမှတ်ပုံတင်အမှတ်– ၁၉၄၇၃၀၃၈၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီသည် ၂၀၁၃–ခုနှစ်၊ ဇန်နဝါရီလမှစ၍ IT နည်းပညာဆိုင်ရာဝန်ဆောင်မှု (IT System Integration Services)များကို စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းအသီးသီးသို့ ကုမ္ပဏီအရောင်းဌာနဝန်ထမ်းများမှ ကျွန်ုပ်တို့၏ဝန်ဆောင်မှု သဘောတူစာချုပ်များဖြင့် တိုက်ရိုက် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီ၏ ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို ကုမ္ပဏီ၏ တရားဝင် Website URL https://mm.kddi.com/ မှလည်းကောင်း၊ လူမှုကွန်ရက်စာမျက်နှာ Facebook Page KDDI Myanmar မှလည်းကောင်း၊ LinkedIn Page KDDI Myanmar Co.,Ltd မှလည်းကောင်း တရားဝင်ထုတ်ပြန် ကြေညာလျက်ရှိပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီအနေဖြင့် အထက်ဖော်ပြပါအတိုင်း ကောင်းသောဂုဏ်သတင်းဖြင့် လုပ်ကိုင်လျက်ရှိရာ ယခုအချိန်တွင် မသမာသူတချို့မှ KDDI Myanmar Co.,Ltd အမည်ကို အသုံးပြု၍ ကုမ္ပဏီမှသိရှိခြင်း၊ ခွင့်ပြုခြင်းမရှိဘဲ၊ ဥပဒေနှင့်မညီ မလျော်ကန်သော ဝန်ဆောင်မှုများကို လူမှုကွန်ရက်စာမျက်နှာ(အထူးသဖြင့် Telegram)နှင့် အခြား ဆက်သွယ်ရေးကွန်ရက်များကိုသော်လည်းကောင်း အသုံးပြုပြီး ငွေကြေးဆိုင်ရာ လိမ်လည်မှုများပြုလုပ်လျက်ရှိပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီဖြစ်သော KDDI Myanmar Co.,Ltd အနေဖြင့် ကုမ္ပဏီစတင် တည်ထောင်ချိန်မှ ယနေ့တိုင် IT နည်းပညာဆိုင်ရာဝန်ဆောင်မှု (IT System Integration Services)များမှ အပ မည်သည့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို Online မှသော်လည်းကောင်း၊ လူမှုကွန်ရက်စာမျက်နှာများမှလည်းကောင်း၊ မည်သည့်အခါမှ လုပ်ဆောင်ခြင်းမရှိခဲ့ပါ။

ထို့ကြောင့် KDDI Myanmar Co.,Ltd ၏ အမည်နှင့် အမှတ်တံဆိပ်အား တရားမဝင် အသုံးပြု၍ လုပ်ဆောင်ထားသော ငွေကြေးဆိုင်ရာလိမ်လည်မှုများဖြစ်ပေါ်လာသော မည်သည့်ပြဿနာအရှုပ်အရှင်းကိုမဆို KDDI Myanmar Co.,Ltd အနေဖြင့် တာဝန်ခံ၊ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။

ထို့အပြင် KDDI Myanmar Co.,Ltd ၏ ဂုဏ်သိက္ခာကျဆင်းစေရန် ကုမ္ပဏီ၏ အမည်နာမနှင့် အမှတ်တံဆိပ်များကို အသုံးပြုကာ အယောင်ဆောင်၍ လိမ်လည်လှည့်ဖြားနေသော မည်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းကိုမဆို ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**KDDI Myanmar Co.,Ltd ၏လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးမိုးမင်းဆွေ(LL.B, D.B.L)** | **ဒေါ်ခင်မာနွယ်(LL.B, D.B.L)** | **ဒေါ်နန်းစုမြတ်နိုးထွဋ်(LL.B)** |
| **(စဉ်–၁၄၄၀၄)** | **(စဉ်–၁၄၂၆၂)** | **(စဉ်–၁၇၅၉၀)** |

**တရားလွှတ်တော်ရှေ့နေများ**
